မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

ကမ္ဘာကြီးကို တစ်ယောက်ကနေ ကိုင်ပြီးတော့မှ လုပ်တဲ့ဟာမျိုးကတော့ ဘယ်လိုမှမဖြစ်သင့်ဘူး။ ကျွန်တော်တို့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဒီဒဏ်ကို တော်တော်လေးခံကြရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကတော့ Multipolar စနစ်ကို သွားတာကတော့ အကောင်းဆုံးပဲ။ ကမ္ဘာကြီးမှာရှိနေတဲ့ အကြောင်းခြင်းရာတွေကို မျှဝေခံစားတာကတော့ အကောင်းဆုံးပဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ မေ ၈ ရက်တွင် မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြား

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ်၊ မေ ၈ ရက်တွင် ရုရှားနိုင်ငံ RT သတင်းဌာနအား မော်စကိုမြို့၊ Ararat Park ဟိုတယ်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။ တွေ့ဆုံမေးမြန်းမှု အပြည့်အစုံမှာ–

မေး ။ ။ လေးစား အပ်ပါသော အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ အဆွေတော်နဲ့ အခုလိုမျိုး အင်တာဗျူး ခွင့်ရတဲ့အတွက် ဂုဏ်ယူကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ ရုရှားနိုင်ငံရဲ့ နှစ် ၈၀ ပြည့် မဟာမျိုးချစ် အောင်ပွဲ အခမ်းအနားကို တက်ရောက်လာတဲ့ အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီအောင်ပွဲဟာ ကျွန်တော်တို့ ရုရှားနိုင်ငံအတွက် လည်း များစွာတန်ဖိုးရှိသလို ဒီအောင်ပွဲနဲ့ ပတ်သက်ပြီးတော့ ဖက်ဆစ်ဝါဒကို တွန်းလှန်နိုင်ခဲ့တဲ့ မြန်မာနိုင်ငံ အတွက်လည်း များစွာတန်ဖိုးရှိ တယ်လို့ ကျွန်တော်သိရှိရပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ RT သတင်းဌာန၏ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားစဉ်။

ယနေ့ ဖတ်စရာ

ကျန်းမာသက်ရှင်နေထိုင်ရေး ငါးအာဟာရ စားသုံးပေး

ဆောင်းပါး စာ ၁၀

ပါလက်စတိုင်းတစ်သန်းကို လစ်ဗျားသို့ ရွှေ့ပြောင်းရန် အမေရိကန် စီစဉ်

နိုင်ငံတကာသတင်း စာ ၁၄

မြန်မာ့အလင်း

နိုင်ငံတစ်ဝန်းငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်ချမ်းသာမည်

ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ မိမိတို့နိုင်ငံအတွင်းကို ဝင်ရောက်လာခဲ့ခြင်း၊ ယင်းနောက် ပြည်တွင်း၌ နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သော မငြိမ်မသက်မှုများ၊ နှစ်စဉ်လိုလို ဆက်တိုက်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြီးများနှင့် ယခုနောက်ဆုံးဖြစ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီး စသည်တို့က နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ ထိခိုက်စေသည်။ တစ်ခုပြီးတစ်ခု ကျရောက်ခဲ့သည့် ကပ်ဘေးတို့က ဖျက်ဆီး၍ ပျက်စီးဆုံးရှုံးရခြင်း၊ ၎င်းအပျက်အစီးများကို ပြန်လည်ပြုပြင်ရခြင်း၊ အစားထိုးတည်ဆောက်ရခြင်းတို့က နိုင်ငံ၏ အရင်းအမြစ်များကို များစွာ ယုတ်လျော့သွားစေသည်။

သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များမှာ အချိန်တိုအတွင်း ပြီးဆုံးသွားသော်လည်း ကာလရှည်လျားစွာ မပြီးဆုံးနိုင်သည်မှာ လက်နက်ကိုင်ပဋိပက္ခများပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများမှာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခများဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများက နိုင်ငံကို ဆင်းရဲနွမ်းပါးစေပြီး ပြည်သူတစ်ရပ်လုံးကိုလည်း အခြားနိုင်ငံများနှင့်ယှဉ်ပါက လူတန်းမစေ့သည့် ဘဝသို့ရောက်စေသည်။ အထူးသဖြင့် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပေါ်နေသည့် ဒေသများမှ ပြည်သူများဆိုလျှင် အချိန်နှင့်အမျှ အသက်ကို ဖက်နှင့်ထုပ်ထားကာ ကျီးလန့်စာစား ရှင်သန်နေကြရခြင်းဖြစ်သည်။ အကြောင်းပြချက် အမျိုးမျိုးဖြင့် လက်နက်စွဲကိုင် တိုက်ခိုက်နေမှုများက သာမန်ပြည်သူများအတွက် ဘာတစ်ခုမျှ အကျိုးမဖြစ်ထွန်း။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် အဘက်ဘက်က နောက်ကျကျန်နေကြရခြင်းသာ အဖတ်တင်သည်။ သို့ဖြစ်ရာ တောင်ပေါ်မြေပြန့် နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူအားလုံးတို့က နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိုသာလျှင် လိုလားကြသည်။

လက်ရှိကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး၊ အဆင်းရဲဆုံး နိုင်ငံများမှာ ၄၄ နိုင်ငံခန့်သာ ကျန်ရှိနေသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်ခဲ့သည့် နိုင်ငံငယ်အများအပြားတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်းထအားကိုမရရှိဘဲ ဆင်းရဲနွမ်းပါးခဲ့ကြရာမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ အားထုတ်ကြိုးပမ်း ရုန်းကန်ကြရင်း လွတ်မြောက်သည့်နိုင်ငံတို့ လွတ်မြောက်သွားခဲ့ကြပြီဖြစ်သည်။ ၎င်းနိုင်ငံများမှ နိုင်ငံသားတို့ အနေဖြင့် ဆင်းရဲနွမ်းပါးခြင်းသည်သာ မိမိတို့၏ အဓိကရန်သူဖြစ်သည်ကို မှန်ကန်စွာ ရှုမြင်နိုင်ခဲ့ကြပြီး ထိုရန်သူကို အောင်မြင်စွာ တိုက်ထုတ်ခြင်းဖြင့် ဆင်းရဲတွင်းမှ လွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်။ ထိုမျှမကသော ဆင်းရဲနွမ်းပါးခြင်းသည် စဉ်းစားတွေးခေါ်နိုင်စွမ်းကိုလည်း နိမ့်ကျစေသည်ဖြစ်ရာ ထိုအဖြစ်မျိုးမှ ရုန်းထွက်နိုင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ အောက်စဖို့ဒ်တက္ကသိုလ်မှ ဘောဂဗေဒပညာရှင် ပေါလ်ကိုလီယာ၏ အဆိုအရ နိုင်ငံတစ်နိုင်ငံ ဆင်းရဲနွမ်းပါးရခြင်းသည် လက်နက်ကိုင်ပဋိပက္ခ (Conflict)၊ သဘာဝသယံဇာတ(Natural Resources)၊ ကုန်းတွင်းပိတ် အိမ်နီးချင်းဆိုးများ (Land Locked with Bad Neighbors)နှင့် ညံ့ဖျင်းသည့် စီမံခန့်ခွဲအုပ်ချုပ်မှု (Bad Governance)ဟူသော အတားအဆီးတစ်ခုခုတို့တွင် ပိတ်မိနေရခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။

မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု၏ အတားအဆီး၊ ဆင်းရဲနွမ်းပါးခြင်း၏ လက်သည်မှာ လက်နက်ကိုင်ပဋိပက္ခများပင်ဖြစ်သည်။ ယင်းအတားအဆီးမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက်တို့က အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းကြစေကာမူ ယနေ့ထက်တိုင် အဖြေမပေါ်သေး။ ဆွေးနွေးခဲ့သမျှ ငြိမ်းချမ်းရေးစားပွဲဝိုင်းများမှာလည်း စကားလုံးများ၊ ဝေါဟာရများ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ၊ အထအန ကောက်မှုများတွင်သာ တစ်ဝဲလည်လည် ဖြစ်နေသည်ကို ပြည်သူတို့ရှုထောင့်မှ မြင်တွေ့ခဲ့ရသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရင်ထဲအသည်းထဲတွင် "ငြိမ်းချမ်းမှ ချမ်းသာမည်"ဟူသော အယူအဆ ခိုင်မာစွဲမြဲပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အင်နှင့်အားနှင့် ထုထည်ကြီးမားစွာ ပါဝင်လာသည်နှင့်အမျှ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရမည်သာ ဖြစ်ပါကြောင်း။ ။

နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၁၇ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၁၇

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ မိုး/ဇလ

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၁၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၅ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၇၅၀	၂၈၆၀	၂၈၃၀	၂၇၆၅	၂၈၇၀	၂၈၈၅	၂၉၀၀	၂၈၂၀	၄၅၀၅	၃၁၀၅	၂၈၃၅	၂၈၄၀	၂၉၁၀	၂၈၇၅	၂၈၉၅	၃၁၅၀
95 Ron	၂၈၀၅	၂၉၂၀	၂၈၈၅	၂၈၂၀	၂၉၂၅	၂၉၄၀	၂၉၆၀	၂၈၇၅	၄၅၆၀	၃၁၇၀	၂၈၉၅	၂၈၉၅	၂၉၆၅	၂၉၃၀	၂၉၅၀	၃၂၁၀
HSD (500 ppm)	၂၃၂၀	၂၄၃၀	၂၄၀၀	၂၃၃၅	၂၄၄၀	၂၄၅၅	၂၄၇၀	၂၃၉၀	-	၂၆၈၅	၂၄၀၅	၂၄၁၀	၂၄၀၀	၂၄၄၅	၂၄၆၅	၂၇၂၀
HSD (50 ppm)	၂၈၅၅	၂၉၆၅	၂၉၃၅	၂၈၇၀	၂၉၇၅	၂၉၉၀	၃၀၀၅	၂၉၂၅	၄၈၃၀	၃၂၂၀	၂၉၄၀	၂၉၄၅	၃၀၁၅	၂၉၀၀	၃၀၀၀	၃၂၅၅
HSD (10 ppm)	၂၈၅၅	၂၉၆၅	၂၉၃၅	၂၈၇၀	၂၉၇၅	၂၉၉၀	၃၀၀၅	၂၉၂၅	-	၃၂၂၀	၂၉၄၀	၂၉၄၅	၃၀၁၅	၂၉၀၀	၃၀၀၀	၃၂၅၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၈၇	၂၆၇၂
95 Ron	၂၆၄၂	၂၇၂၈
HSD (500 ppm)	၂၁၇၀	၂၂၄၃
HSD (50 ppm)	၂၆၈၉	၂၇၇၂
HSD (10 ppm)	၂၆၈၉	၂၇၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံမှာ လှုပ်ခဲ့တဲ့ ငလျင်ကြောင့်မြန်မာနိုင်ငံ ထိခိုက်ပျက်စီးဆုံးရှုံးသွားတယ်ဆိုတာလည်း သိရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဝမ်းနည်းကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ပထမဆုံး မေးချင်တဲ့မေးခွန်းကတော့ ဒီငလျင်နဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ကြီးအနေနဲ့ အကူအညီပေးမှု၊ အားထုတ်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုးမှတ်ချက်တွေ ပေးချင်ပါသလဲ။ ကယ်ဆယ်ရေးလုပ်ငန်းတွေကရော ဘယ်လောက်ထိ အထောက်အကူပြုပါသလဲ။ အများကြီး လျှင်မြန်မှုရော ရှိပါသလား။ အစစအရာရာရော အဆင်ပြေပါသလား။ အဲဒါလေး သိချင်ပါတယ်ခင်ဗျာ။

ဖြေ ။ ။ ပထမဆုံးတော့ ကျွန်တော်တို့တွေ ပြီးခဲ့တဲ့ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးအကြောင်း ခင်ဗျား ဝမ်းနည်းကြောင်း ပြောတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ကျွန်တော်တို့ပြောလိုပါတယ်။ ငလျင်က တကယ်တော့ တော်တော်လေး ပြင်းထန်ပါတယ်။ ၇.၇ ရစ်(ခ်)တာစကေး ရှိပါတယ်။ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်းမှာ လှုပ်ခဲ့တဲ့ ငလျင်ထဲမှာ ဒုတိယအပြင်းထန်ဆုံး ငလျင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၈ ကြိမ် လှုပ်ခဲ့တဲ့အထဲမှာ ၁၉၁၂ ခုနှစ် လှုပ်ခဲ့တာတော့ ၈ ရစ်(ခ်)တာစကေးရှိပါတယ်။ အခုငလျင်ဟာ တော်တော်လေးပြင်းထန်တဲ့ ငလျင်တစ်ခုပါ။ ထိခိုက်သေဆုံးမှုလည်း တော်တော်လေး များပါတယ်။ လူအားလုံး ၃၇၀၀ ကျော် သေပါတယ်။ ၅၀၀၀ ကျော် ဒဏ်ရာရပါတယ်။ နောက် ၈၀ လောက် ပျောက်နေတာရှိပါသေးတယ်။ အိမ်ခြေပေါင်းလည်း ၆၇၀၀၀ လောက် ပျက်စီးမှုရှိပါတယ်။ ကျောင်းပေါင်း ၆၄၀၀ လောက် ပျက်စီးမှုရှိပါတယ်။ ဆေးရုံ ဆေးခန်း ၃၅၀ လောက် ပျက်စီးမှုတွေ ရှိပါတယ်။ လမ်းတံတားတွေလည်း အများကြီးပျက်ပါတယ်။ နိုင်ငံတကာ အကူအညီလည်း ကျွန်တော်က ဖြစ်ပြီးတော့ဖြစ်တဲ့ နေရာတွေ လိုက်ကြည့်တဲ့အချိန်မှာ တော်တော်လေးကို ဆိုးဆိုးရွားရွား ပျက်စီးမှုတွေ တွေ့ရတဲ့အတွက်ကြောင့် နာရီပိုင်းအတွင်းမှာပဲ နိုင်ငံကိုလည်း အရေးပေါ်အခြေအနေကို ကြေညာတာပေါ့။ ပြီးတော့ နိုင်ငံတကာအကူအညီကိုလည်း ကျွန်တော် တောင်းခံခဲ့ပါတယ်။ နိုင်ငံတကာ အကူအညီကလည်း ၂၄ နာရီအတွင်းမှာကိုပဲ ကျွန်တော်တို့ဆီ ရောက်လာတယ်။ တော်တော်အားရဖို့လည်းကောင်းပါတယ်။ ခင်ဗျားတို့ ရုရှားနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံ လောက်လာပြီး ကူညီကြပါတယ်။ ၇၂ နာရီ အတွင်းမှာပေါ့။ ထုံးစံကတော့ သူတို့သတ်မှတ်ထားတာ ၇၂ နာရီအတွင်းမှာ ကယ်နိုင်ရင်တော့ အသက်ရှင်နိုင်ဖို့ အခွင့်အရေးရှိတယ်လို့ ပြောတာပဲ။ ဒါပေမယ့် ၂၄ နာရီအတွင်းမှာကို သူတို့ရောက်လာကြတယ်။ အသက်ရှင်လျက် ကျွန်တော်တို့ ရှစ်ယောက် ကယ်လို့ရခဲ့တယ်။ နောက်တစ်ခါ Dead Body ကတော့ အများကြီးပေါ့လေ။ ရတာတော့ အများကြီးရှိပါတယ်။ ဘာပဲပြောပြောကူညီမှုကတော့ အားရဖို့လည်းကောင်းပါတယ်။ နောက်တစ်ခုကလည်း ကယ်ဆယ်ရေးပစ္စည်းတွေပေါ့။ အဲတာတွေကလည်း လေယာဉ်ပျံတွေ နောက်ပြီး သင်္ဘောတွေ၊ မော်တော်ကားတွေနဲ့ အကုန်လုံးရောက်လာတာဖြစ်တဲ့အတွက်ကြောင့် ဘာပဲပြောပြော နိုင်ငံအတွက်တော့ အထောက်အကူရတယ်လို့ ပြောရပါလိမ့်မယ်။ သို့သော်လည်း ပြန်လည်ရှင်းလင်းရေးလုပ်ငန်းနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ပြန်လုပ်ဖို့ကတော့ ကျွန်တော်တို့အများကြီး လုပ်ရဦးမှာ။ ဒီထက်လည်း အကူအညီထပ်မံ လိုအပ်သေးမယ်လို့ ကျွန်တော်မြင်ပါတယ်။

❑ ရုရှားနဲ့မြန်မာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကလည်း ကျယ်ပြန့်တယ်ခင်ဗျာ။ ခင်ဗျား ခုနကပြောသလို ကာကွယ်ရေးကဏ္ဍတင်မကဘူး။ ကျွန်တော်တို့ သိပ္ပံနဲ့နည်းပညာ နောက်တစ်ခါ စီးပွားရေး၊ နောက်တစ်ခု ဥပဒေဘက်ဆိုင်ရာ၊ နောက်ပညာရေး၊ ကျန်းမာရေး ဒီနယ်ပယ်တွေ အများကြီးရှိပါတယ်။ ဆွေးနွေးတဲ့ ကိစ္စတွေလည်း ရှိပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့ မတ်လ ခရီးစဉ်မှာလာတဲ့ အချိန်တုန်းက နျူးကလီးယားနဲ့ ပတ်သက်တဲ့ ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကိစ္စ၊ ထားဝယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ရေးကိစ္စတွေ၊ နောက် ကမ်းလွန်ရေနံနဲ့ ဓာတ်ငွေ့ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမယ့်ကိစ္စတွေ ဒါတွေဆွေးနွေးနိုင်ခဲ့တာတွေ ရှိပါတယ်။ သဘောတူတာလည်းရှိပါတယ်။ လုပ်နေတာလည်း ရှိပါတယ်။ ဆက်လက်ပြီး လုပ်ရမယ့်နယ်ပယ်တွေလည်း များစွာရှိပါသေးတယ်လို့ ကျွန်တော် ပြောချင်ပါတယ်

မေး ။ ။ လက်ရှိအခြေအနေမှာ မြန်မာနဲ့ရုရှားနှစ်နိုင်ငံဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ တိုးတက်နေတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာနိုင်ငံမှာ ရုရှား-မြန်မာနှစ်နိုင်ငံ ရေတပ်ပူးပေါင်း စစ်ဆင်ရေးလေ့ကျင့်ခန်းတွေ လုပ်တဲ့အချိန်မှာလည်း သတင်းယူဖို့ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့တာလည်း ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံသိရှိလိုတာကတော့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံကြား စစ်ဘက်ရေးရာနည်းပညာပူးပေါင်းရေးအခန်းကဏ္ဍတွေသာ မဟုတ်ဘဲနဲ့ အခြားသော ဘယ်နယ်ပယ်တွေ၊ ဘယ်ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ ရပါသလဲ။ ဘယ်နယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်တယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ်။

ဖြေ ။ ။ ရုရှားနဲ့ မြန်မာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကလည်း ကျယ်ပြန့်တယ်ခင်ဗျာ။ ခင်ဗျား ခုနကပြောသလို ကာကွယ်ရေးကဏ္ဍတင်မကဘူး။ ကျွန်တော်တို့ သိပ္ပံနဲ့နည်းပညာ နောက်တစ်ခါ စီးပွားရေး၊ နောက်တစ်ခု ဥပဒေဘက် ဆိုင်ရာ၊ နောက်ပညာရေး၊ ကျန်းမာရေး ဒီနယ်ပယ်တွေ အများကြီးရှိပါတယ်။ ဆွေးနွေးတဲ့ ကိစ္စတွေလည်း ရှိပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ မတ်လ ခရီးစဉ်မှာလာတဲ့ အချိန်တုန်းက နျူးကလီးယားနဲ့ ပတ်သက်တဲ့ ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကိစ္စ၊ ထားဝယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ရေးကိစ္စတွေ၊ နောက် ကမ်းလွန်ရေနံနဲ့ ဓာတ်ငွေ့ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမယ့်ကိစ္စတွေ ဒါတွေ ဆွေးနွေးနိုင်ခဲ့တာတွေ ရှိပါတယ်။ သဘောတူတာလည်းရှိပါတယ်။ လုပ်နေတာလည်း ရှိပါတယ်။ ဆက်လက်ပြီး လုပ်ရမယ့်နယ်ပယ်တွေလည်း များစွာရှိပါသေးတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

မေး ။ ။ ကျွန်တော် သိသလောက်တော့ အမေရိကန်နိုင်ငံအနေနဲ့ ဒီမြန်မာနိုင်ငံမှာ ငလျင်လှုပ်တာနဲ့ပတ်သက်ပြီး ကူညီပေးရမယ့်အစား မြန်မာနိုင်ငံရဲ့ ကုန်သွယ်ခွန်နဲ့ ပတ်သက်ပြီး ၄၄ ရာခိုင်နှုန်းအထိ ပိုမိုတင်းကျပ်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ရဲ့ အမြင်လေးကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ အမေရိကန်တွေကလည်း မြင်နေရတာကတော့ ငလျင်နဲ့ပတ်သက်ပြီးတော့ အကူအညီမပေးတာတော့ မဟုတ်ဘူး။ သူကတော့ ကူညီပေးမယ်ဆိုပြီးတော့ ဒေါ်လာ ၉ သန်းပေးမယ်လို့ ကြေညာခဲ့တာရှိတယ်။ အဲတော့ဘယ်လိုပေးမလဲတော့ ကျွန်တော်တို့ မသိဘူးပေါ့လေ။ ကုလသမဂ္ဂက တစ်ဆင့်ပေးမလား။ ဒါမှမဟုတ် အာဟစင်တာ (AHA Centre) ကနေတစ်ဆင့် ပေးမလားမသိဘူး။ ပေးဖို့အတွက် ကြေညာထားတာတော့ ရှိပါတယ်။ ကျွန်တော်တို့နဲ့ အမေရိကန်နဲ့က ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့လည်း သိပ်တော့ ကြီးကြီးမားမား မရှိဘူး။ ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၂၅ ခုနှစ်အထိ ကျွန်တော်တို့ ဒေါ်လာသန်း ၉၀၀ လောက်ကိုပဲ ကုန်သွယ်မှုရှိတယ်။ တစ်နှစ်ကို ဒေါ်လာသန်း ၈၀၀ ကျော်ကျော်လောက် ကုန်သွယ်မှုရှိတယ်လို့ ပြောရပါလိမ့်မယ်။ တချို့နှစ်တွေမှာလည်း ကျွန်တော်တို့ဘက်က ပို့တာတွေများပြီးတော့ တချို့နှစ်တွေမှာလည်း အမေရိကန်က ပို့တာတွေ များတယ်။ သူတို့ အခွန်ကောက်တာတော့ ကျွန်တော်တို့တစ်နိုင်ငံတည်း မဟုတ်ဘူး။ တခြားသူတို့ရဲ့ မိတ်ဆွေနိုင်ငံတွေကိုလည်း တချို့လည်း ကောက်တာတွေရှိတယ်။ တရုတ်နိုင်ငံအပေါ်လည်း တော်တော်လေးကောက်တာတွေ ရှိတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ အခွန်တိုးကောက်တာတော့ မလုပ်သင့်ဘူးလို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒီလိုမျိုးသူတို့ဘက်ကတော့ ကုန်သွယ်ရေးလိုငွေတွေပြလို့ တခြားနိုင်ငံတွေ အပါအဝင်ပေါ့လေ အခွန်တွေ တိုးကောက်တယ်လို့ သိရပါတယ်။ အမှန်ကတော့ မကောက်သင့်ဘူးလို့ ကျွန်တော်တော့ယူဆပါတယ်။ ဘာကြောင့်ကောက်လဲတော့ ကျွန်တော်တို့လည်း အသေးစိတ်ပြန်ပြီး စဉ်းစားဖို့တော့လိုတာပေါ့။

မေး ။ ။ ကျွန်တော့်အနေနဲ့ ထပ်မံမေးမြန်းလိုတာကတော့ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးတော့ ပိတ်ဆို့မှုတွေ၊ အတိုးနှုန်းတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ရော ဘယ်လိုမျိုး တုံ့ပြန်မှုတွေ လုပ်သွားဖို့အစီအစဉ်ရှိသလဲ။ ပြင်ဆင်ထားလဲ ဆိုတာလေး သိပါရစေခင်ဗျာ။

ဖြေ ။ ။ အဓိကတော့ ကျွန်တော်တို့က တစ်နိုင်ငံတည်းကိုမှ မှီခိုနေရတဲ့ ကုန်သွယ်နေတဲ့ ကိစ္စတွေကိုတော့ တော်တော်ရှောင်ရှားပြီးတော့ ကျွန်တော်တို့နိုင်ငံတွေနဲ့ ပေါင်းပြီးတော့ ဝိုင်းလုပ်ကြမှာပေါ့။ သူ့တစ်နိုင်ငံတည်း ကျွန်တော်တို့က သွားပြီးတော့ ရောင်းပြနေမယ့်အစား နိုင်ငံအားလုံးနဲ့ မျှပြီးတော့ ကုန်သွယ်မှုလုပ်တာမျိုးတော့ ပိုကောင်းတယ်။ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း ပိုကောင်းတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။ တစ်ဆက်တည်းပြောချင်တာ အဲဒါတော့ဘာလဲဆိုတော့ ဘာဖြစ်လို့ သူတို့ဒီလိုအခွန်တိုးကောက်သလဲပေါ့။ ဒါလည်းကျွန်တော်တို့ တွက်ရတယ်ပေါ့နော်။ သူတို့က ကုန်သွယ်မှု လိုငွေတွေပြလို့ တိုးကောက်တယ်လို့ ပြောတာပေါ့။ အဲတော့ ဘာကြောင့်လိုငွေတွေ ပြရသလဲ။ သူတို့ပစ္စည်းတွေ မရောင်းရလို့လား။ ဘာလို့ မရောင်းရလဲပေါ့။ အမေရိကန်ပစ္စည်းတွေ ရောင်းနေရတာပဲ။ အမေရိကန်ပစ္စည်းတွေ ကောင်းပါတယ်။ အဆင့်အတန်းလည်း ရှိပါတယ်။ ဒါပေမယ့် သူတို့က ဈေးကြီးတာပေါ့။ ဈေးကြီးတဲ့အခါကျတော့ သူတို့ပစ္စည်းတွေ ဝယ်ဖို့က နည်းနည်းလေးအခက်အခဲရှိတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အပါအဝင် နိုင်ငံတော်တော်များများမှာ အမေရိကန်ဈေးကွက်ရဲ့ဝယ်လိုအားကို ကြီးမားတာ ကျွန်တော်သွားတွေ့တယ်။ ဒါကြောင့် သူတို့ကို ကျွန်တော်တို့ အများကြီးပဲ ရောင်းနိုင်တယ်။ သူတို့ ဘာကြောင့် ကုန်ပစ္စည်းတွေဈေးကြီးလဲ။ ဒါလည်း စဉ်းစားရမှာပေါ့။ Cost of Production ကြောင့် ကုန်ပစ္စည်း ကုန်ဈေးနှုန်းက ကြီးတာလား။ ဒါဆိုလည်း ဒါတွေတွက်ဆရမှာပေါ့။ ဒီပေါ်မူတည်ပြီးတော့ ဒါပြုပြင်ဖို့အတွက် လုပ်ရလိမ့်မယ်။ ကျွန်တော်တို့လည်း သူ့တစ်နိုင်ငံတည်းမှီမယ့်အစား တခြားနိုင်ငံတွေ မျှပြီးတော့ရောင်းတာမျိုးပေါ့။ ကျွန်တော်တို့ တော်တော်များများတော့ သူ့ဈေးကွက်ကို အများကြီး မှီခိုနေတာ တော်တော်များတာတွေ့ရပါတယ်။ အဲဒါတော့ စဉ်းစားဖို့ ကောင်းတယ်လို့ ကျွန်တော်မြင်တယ်။

မေး ။ ။ ကျွန်တော့်အနေနဲ့ အဆွေတော်ဟာ မဟာစစ်အောင်ပွဲနေ့ နှစ်ပတ်လည် အခမ်းအနားမှာ ပါဝင်ဆင်နွှဲဖို့ ရုရှားနိုင်ငံကို ရောက်ရှိလာတယ်လို့ သိရှိရပါတယ်။ ဒီနေ့ အခမ်းအနားဟာ နှစ် ၈၀ ပြည့်အခမ်းအနားဖြစ်တဲ့အတွက် ကျွန်တော်တို့ ရုရှားနိုင်ငံအတွက်လည်း အထိမ်းအမှတ် အထွတ်အမြတ်ထားတဲ့ အထိမ်းအမှတ်ပွဲတော်ဖြစ်ပါတယ်။ ဒီအထိမ်းအမှတ်ပွဲတော်နဲ့ ပတ်သက်ပြီး မေးချင်တဲ့ မေးခွန်းလေးကတော့ လွန်ခဲ့တဲ့ နှစ် ၈၀ ကနေပြီးတော့ ဒီအောင်ပွဲရရှိခဲ့ပါတယ်။ ဒီအောင်ပွဲဟာ ယနေ့ ခုမြင်တွေ့နေရတဲ့ ပထဝီနိုင်ငံရေး မြင်ကွင်းတွေကို ဘယ်လိုမျိုး ပြောင်းလဲမှုရှိမှာလဲ။ ဒါနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ အမြင်ကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ ဒါကကျွန်တော်တို့ ဖက်ဆစ်နာဇီတွေပေါ်မှာ ဆိုဗီယက်ပြည်ထောင်စုမှာရှိတဲ့ ပြည်သူ ပြည်သားတွေကနေပြီးတော့ တိုက်ထုတ်အောင်မြင်ခဲ့တဲ့အောင်ပွဲကို အသိအမှတ် အထိမ်းအမှတ်လုပ်တဲ့ ပွဲတစ်ပွဲပေါ့။ ဒါတော်တော်လေးကို လေးနက်တဲ့ပွဲတစ်ပွဲလို့ ကျွန်တော်တို့ပြောလို့ရတာပေါ့။ ဒီလိုပဲ မြန်မာနိုင်ငံမှာလည်း ဖက်ဆစ်ဂျပန်တွေ သူတို့နဲ့ ဝင်ရိုးတန်း ဖက်ဆစ်နာဇီတွေ ဂျာမနီနဲ့ တစ်အုပ်စုတည်းဖြစ်တဲ့ ဖက်ဆစ်ဂျပန်တွေရဲ့ ဒဏ်ကိုလည်း ကျွန်တော်တို့ခံခဲ့ရတော့ ကျွန်တော်တို့ ပြန်တိုက်ခဲ့ရတဲ့ သမိုင်းဖြစ်ရပ်ရှိတယ်။ အတူတူကာလအတူတူပဲ ဖြစ်ခဲ့တာပေါ့။ ဒါကတော့ လွတ်လပ်ရေး ကိုယ့်တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲဖို့အတွက်လုပ်တဲ့ တိုက်ခိုက်မှု တစ်ခုပါပဲ။ ဒါ့ကြောင့် ဒါအင်မတန်တန်ဖိုးရှိတဲ့ တိုက်ပွဲတစ်ခုလို့၊ တိုက်ခိုက်မှုလို့ ကျွန်တော်ပြောလိုပါတယ်။ ဒီလို တိုက်နိုင်ခဲ့တဲ့အတွက်ကြောင့်လည်း တချို့ကိုလိုနီအပြုခံခဲ့ရတဲ့ အနိုင်ကျင့်ပြီးတော့ သိမ်းပိုက်ခံခဲ့ရတဲ့ တချို့ဥရောပနိုင်ငံတွေပေါ့ လွတ်လပ်ရေးပြန်ရသွားတာ ကျွန်တော်တို့ သွားတွေ့တယ်။ လွတ်လပ်ရေးပြန်ရသွားတာ ဆိုဗီယက်ပြည်ထောင်စုကနေ ဦးဆောင်ပြီး တိုက်ခိုက်ပေးခဲ့တာကြောင့် လွတ်လပ်ရေးပြန်ရခဲ့တာပါ။ ဂျာမနီနိုင်ငံ အရှေ့ဘာလင်ထိကို ကျွန်တော်တို့ ဆိုဗီယက်တပ်တွေ တက်သိမ်းခဲ့တာရှိတယ်။ ဒါသမိုင်းမှာ ဒီလိုပဲ တွေ့ပါတယ်။ နောက်ပထဝီနိုင်ငံရေးပေါ့။ ခုနကဖြစ်ခဲ့တဲ့သမိုင်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေကြည့်ရင်လည်း ပထဝီနိုင်ငံရေးကြောင့်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တစ်အချက်ကတော့ နေရာပေါ့။ နောက်တစ်ခုကတော့ ဒီသယံဇာတမြေပေါ် မြေအောက် သယံဇာတပစ္စည်းတွေပေါ့။ ဒီအပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတာပေါ့။ ပထဝီနိုင်ငံရေးကတော့ အရေးပါ ပါတယ်။ အခုချိန်ထိလည်း ပထဝီနိုင်ငံရေး

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ကြောင့်ပဲ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေ သို့မဟုတ် တခြားနိုင်ငံတွေကိုပဲ မျက်စောင်းထိုးနေကြတာပေါ့။ သူတို့ ဘာလုပ်လို့ရမလည်းပေါ့။ ဒ့ါကြောင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး စပြီးတော့ နယ်ပယ်တွေပေါင်းစုံပြီးတော့မှ ဖိအားတွေ မျိုးစုံပေးနေတာလည်း ကျွန်တော်တို့တွေ့တယ်။ အခုပြောမယ်ဆိုရင်တော့ ခုနကပြောတဲ့ ဒီအဆွေတော်နိုင်ငံရဲ့ နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲအောင်ပွဲ အခမ်းအနားဆိုတာ တော်တော်ကြီးကို ထူးခြားတဲ့ပွဲတစ်ပွဲပေါ့။ နောက် ဒီတိုက်ခိုက်တဲ့အခါမှာလည်း ဆိုဗီယက် ရုရှားပြည်သူ ၂၆ သန်း အသက်ပေးပြီး တိုက်ခိုက်တာရှိတယ်။ ကမ္ဘာစစ်မှာတော့ ဒါအသေအပျောက်အများဆုံး စွန့်လွှတ်စွန့်စားစွာ တိုက်ခိုက်တဲ့ တိုက်ပွဲတစ်ပွဲ မော်ကွန်းထိုးတဲ့ ဖြစ်စဉ်တစ်ခုလို့ ကျွန်တော်ပြောချင်တယ်။

မေး ။ ။ ဒီကျွန်တော်တို့ သမိုင်းတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဒုတိယကမ္ဘာစစ်မှာဆိုရင်လည်း ဆိုဗီယက်ပြည်ထောင်စုကနေပြီးတော့ ကျွန်တော်တို့အောင်ပွဲကို အောင်အောင်မြင်မြင်နဲ့ တိုက်ထုတ်ခဲ့တာရှိပါတယ်။ ဒါဖြစ်ရပ်မှန်သမိုင်း အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် အနောက်နိုင်ငံတွေက ဒီသမိုင်းနဲ့ပတ်သက်ပြီးတော့ ဒီအနောက်နိုင်ငံတွေကပဲ ဒီသမိုင်းထဲမှာ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့တဲ့ အနိုင်ရခဲ့တဲ့ပုံစံမျိုး Video မှတ်တမ်းတွေနဲ့ သမိုင်းကို ပြန်လည်ပြင်ဆင်ချင်တာတွေရှိပါတယ်။ အထူးသဖြင့်တော့ ရုရှား-ယူကရိန်းဖြစ်တဲ့ ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ ရုရှားဘက်ကနေပြီးတော့မှ ခုနကလိုမျိုး ကျူးကျော်တယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် သူတို့ဘက်ကနေပြီးတော့ သတင်းမီဒီယာတွေကနေတစ်ဆင့် ပုံဖော်နေတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဆွေတော်အနေနဲ့ ကျွန်တော်သိချင်တာက အဆွေတော်နဲ့အတူ ရှိခဲ့ဖူးတဲ့သမိုင်းတွေကို ဘာလို့အနောက်နိုင်ငံတွေက ဘာလို့ပြင်ချင်တာလည်း ဒီအပေါ်မှာကော အဆွေတော်အနေနဲ့ ဘယ်လိုမျိုး မြင်လည်းဆိုတာကို သိချင်ပါတယ်။

ဖြေ ။ ။ သမိုင်းဆိုတာ လိမ်လို့မရဘူး ဖုံးလို့လည်း မရဘူး။ သမိုင်းက အရှိအတိုင်းပဲဖြစ်ရမယ်။ ဖက်ဆစ်နာဇီတွေရဲ့ လုပ်ဆောင်ချက်ကိုလည်း ဖုံးလို့မရသလိုပဲ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဖက်ဆစ်တွေကို ပြန်တိုက်ခဲ့တဲ့သမိုင်းကိုလည်း ဖုံးလို့မရဘူး။ ပြင်လို့လည်းမရဘူး။ သမိုင်းက သမိုင်းအတိုင်း အကုန်လုံးရှိရမယ်။ ဒါဘယ်လိုမှ ငြင်းလို့လည်း မရဘူး။ ဒါကြောင့် သူတို့ကတော့ သူတို့ရဲ့မှားယွင်းခဲ့တဲ့လုပ်ဆောင်ချက်တွေကို နောင်လာမယ့်လူတွေအတွက် မှတ်တမ်းတွေမသိနိုင်အောင်လို့ ဒါတွေကို ပြင်ချင်လို့လည်း ဖြစ်မယ်။ New World Order သွားချင်တာ။ နောင်လူငယ်တွေအတွက် New World Order သွားဖို့လည်း ဖြစ်ချင်တာလည်း ပါပါလိမ့်မယ်။ တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကိုမထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့ အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ နောက်တစ်ခုကတော့ သူတို့ရဲ့ လိုအင်ဆန္ဒတွေ၊ အတ္တတွေပေါ့။ ဒါတွေရှိလာလို့ရှိရင်လည်း ပြဿနာရှာပြီးတော့ ဒီပြဿနာကို ပြောကြတာပဲ။ ဖြေရှင်းကြတာပဲ။ ဒါမျိုးတွေကတော့ ကမ္ဘာမှာလည်း တကယ့်သမိုင်းဖြစ်ရပ်မှန်တွေမှာ ကျွန်တော်တို့ တွေ့ပါတယ်။ ခုနကပြောတဲ့ ယူကရိန်းနဲ့ ရုရှားနိုင်ငံဖြစ်စဉ်ကို ကြည့်လည်း ဒီတိုင်းပါပဲ။ တကယ်တမ်းပြောလို့ရှိရင်တော့ သမိုင်းကို ပြောင်းပြန်လှန်ဖို့အတွက် ကြိုးစားနေတယ်လို့ပဲ ကျွန်တော်တွေ့ပါတယ်။ ရုရှားနိုင်ငံကလည်း ရုရှားနိုင်ငံရဲ့ အရင်က ဆိုဗီယက်နိုင်ငံ ဆိုဗီယက်ပြည်ထောင်စုရဲ့ အတိတ်အတွေ့အကြုံကိုယူပြီးတော့မှ ရုရှားနိုင်ငံ အချုပ်အခြာအာဏာ မထိခိုက်အောင် လုပ်ကြတာဖြစ်တယ်လို့ ကျွန်တော်တို့တွေ့တယ်။

မေး ။ ။ RT တစ်ဆက်တည်းမှာပဲကျွန်တော်တို့ မေးချင်တာကတော့ ယူကရိန်းနိုင်ငံနဲ့ ပတ်သက်လို့ အနောက်နိုင်ငံတွေက အထူးသဖြင့် EU နဲ့ UK ကနေပြီးတော့ ဘဏ္ဍာရေးနဲ့ စစ်ရေးဆိုင်ရာ စဉ်ဆက်မပြတ် ထောက်ပံ့မှုတွေကို နောက်ကွယ်ကနေပြီး ထောက်ပံ့နေတယ်လို့ သိရှိရပါတယ်။ ဒါနဲ့ ပတ်သက်လို့ အဆွေတော် ဘယ်လိုမြင်ပါသလဲ။ ဝါရှင်တန်ကတော့ ယူကရိန်းနဲ့ ရုရှားအရေးအခင်းနဲ့ ပတ်သက်လို့ သံတမန်ရေးအရ ရှင်းလင်းဖို့ တွန်းအားပေးနေတာကိုလည်း တစ်ကမ္ဘာလုံးက သိပါတယ်။ ဒါပေမယ့် ဒါကို EU နိုင်ငံတွေနဲ့ UK အဖွဲ့ဝင်နိုင်ငံတွေက သံတမန်ရေးအရ ဖြေရှင်းဖို့ နည်းလမ်းကို ကောင်းကောင်းမပေးဘဲနဲ့ စစ်ရေးနဲ့ စစ်လက်နက်ပစ္စည်းနဲ့ ဘဏ္ဍာရေးကို ထောက်ပံ့နေတာတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း အဆွေတော်အနေနဲ့ ဘယ်လိုမြင်လဲဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။ စစ်ဆိုတာတော့မဖြစ်တာအကောင်းဆုံးပဲ။ ပဋိပက္ခဆိုတာလည်း ကောင်းကောင်းမွန်မွန် ပြန်လည်ဖြေရှင်းနေတဲ့ နည်းလမ်းနဲ့သွားတာ၊ ညှိနှိုင်းဖြေရှင်းတဲ့ နည်းလမ်းနဲ့ သွားတာ အကောင်းဆုံးပဲ။ ပဋိပက္ခတွေကြီးလာတယ်ဆိုတာလည်း အားပေးထောက်ခံမှုတွေ၊ အားပေးထောက်ပံ့မှုတွေများလို့ ဖြစ်လာတာ။ အားပေးထောက်ပံ့မှု မရှိလို့ရှိရင် ပဋိပက္ခဆိုတာကြီးလာစရာတော့ မရှိပါဘူး။ တချို့က နှစ်နိုင်ငံဖြစ်တဲ့ ပြဿနာရှိမယ်။ ပဋိပက္ခက အဲ့မှာသူ့ကိုဝိုင်းအားပေးကြတယ်။ ထောက်ခံပေးကြတယ်။ ကူညီပံ့ပိုးပေးတယ်။ စစ်လက်နက်ပစ္စည်းတွေ၊ ငွေကြေးတွေ၊ စားနပ်ရိက္ခာတွေ စသဖြင့် ကူညီပေးတာပေါ့။ ဒီလိုပဲလုပ်လာကြတာ။ အဲတော့ ဒါတွေကပဋိပက္ခ ပိုပြီးကြီးမားလာတဲ့ဟာတွေ ဖြစ်လာတယ်။ ဒါမျိုးမဖြစ်ဖို့ဆိုရင် အားပေးကူညီတာမျိုးမလုပ်တာက အကောင်းဆုံးပဲ။ ဒါတွေဆိုရင် နိုင်ငံရေးအရ ဖြေရှင်းပေါ့။ ဒီလိုတော့ သွားရမှာပေါ့။ စောစောက ခင်ဗျားမေးတယ်။ EU ကနေပြီးတော့ ပဋိပက္ခနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီးဆိုတော့ သူတို့ ရည်ရွယ်ချက်က ဘာလဲပေါ့။ သူတို့ရည်ရွယ်ချက်က ဘာလဲ။ ပဋိပက္ခကြာရှည်အောင်ဖြစ်ပြီးတော့မှ စစ်ပန်းအောင်လို့ လုပ်တာ၊ ဒါလည်း စဉ်းစားရမယ့် တစ်ချက်ပဲ။ တကယ်တမ်းတော့ ပဋိပက္ခမဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်တာတော့ အကောင်းဆုံး နည်းလမ်းပါပဲ။ ကျွန်တော်ကတော့ အားပေးထောက်ပံ့မှု မလုပ်သင့်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ညှိနှိုင်းပေါ့။ ဘာ့ကြောင့်ဖြစ်တာလဲ။ ပြဿနာဘာ့ကြောင့် ဖြစ်တာလဲ။ ပြဿနာဖြစ်လာတဲ့ အကြောင်းရင်းကို ကျွန်တော်တို့ပြန်ရှာရမှာပေါ့။ သမိုင်းမှာရှိခဲ့တယ်။ လွန်ခဲ့တဲ့ ၁၀ စုနှစ် ၁ ခု ၂ ခုအတွင်းမှာ ဖြစ်ခဲ့တဲ့ အခြေအနေကို ကြည့်လိုက်လို့ရှိရင် ဘာ့ကြောင့် ယူကရိန်းနဲ့ရုရှား ပြဿနာဖြစ်တာလည်းဆိုတာ အဖြေရှိနေပါတယ်။ ဒါကို အဖြေမှန်အတိုင်း ကြည့်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် ဒီပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။

မေး ။ ။ ခုနကမေးခွန်းနဲ့ဆက်စပ်ပြီး တစ်ဆက်တည်းမေးချင်တာကတော့ ယူကရိန်း ပဋိပက္ခဖြေရှင်းပြီးတဲ့နောက်မှာ အမေရိကန်က တရုတ်နဲ့ ထိပ်တိုက် တွေ့ဆုံမှုတွေကို တိုးမြှင့်လုပ်ဆောင်လိမ့်မယ်လို့ တချို့က စိုးရိမ်နေကြတာတွေလည်း ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့မကြာခင်မှာ စစ်ရေးတင်းမာမှုတွေ တစ်နည်းနည်းနဲ့ဖြစ်လာနိုင်မယ်လို့ ကြိုတင်မျှော်လင့်ထားပါသလားခင်ဗျာ။

ဖြေ ။ ။ ဖြစ်နိုင်စရာအကြောင်းလည်း ရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီ(၁၉၅၀) ပြည့်လွန်ကာလနောက်ပိုင်းမှာ ဒီအမေရိကန်ကနေပြီးတော့ တရုတ် china containment policy နဲ့ပတ်သက်ပြီး စတင် ဆောင်ရွက်ခဲ့တာ သမိုင်းမှာရှိခဲ့တော့ အခုက ပြိုင်ဘက်ဖြစ်လာပြီ။ တရုတ်နိုင်ငံနဲ့ အမေရိကန်က ပြိုင်ဘက်ဖြစ်လာတဲ့ အခါကျတော့ ဘာပဲပြောပြော သူ့ကိုတော့ ပြိုင်ဘက်တစ်ခုနဲ့ ပြန်ပြီးတော့ ထိန်းဖို့ လုပ်ဖို့ လုပ်နိုင်မယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ကလည်း ဒါကတော့ မဖြစ်အောင် ကျွန်တော်တို့က ညှိနှိုင်းဆွေးနွေးဆောင်ရွက်တာမျိုး၊ နိုင်ငံတွေအနေနဲ့ အားလုံးညှိနှိုင်း ဆောင်ရွက်တာမျိုး လုပ်သင့်တယ်လို့ ကျွန်တော်တော့ယူဆပါတယ်။ ဒါသူတို့ နှစ်နိုင်ငံချင်းနဲ့တော့ မဆိုင်ဘူး။ ကျန်တဲ့ဟာတွေပါ ပါလာတယ်။ နှစ်နိုင်ငံတည်းနဲ့တော့ ပြဿနာတော့ အကြီးအကျယ် ဖြစ်မှာမဟုတ်ဘူး။ ကျန်တဲ့နိုင်ငံတွေပါ ပါလာမှ ပိုပြီးပြဿနာပိုရှုပ်မှာဖြစ်ပါတယ်။ ကျွန်တော်တော့ အဲ့လိုမြင်တာပေါ့လေ။

> ◆ **စစ်ဆိုတာတော့ မဖြစ်တာအကောင်းဆုံးပဲ။ ပဋိပက္ခဆိုတာလည်း ကောင်းကောင်းမွန်မွန် ပြန်လည်ဖြေရှင်းနေတဲ့ နည်းလမ်းနဲ့သွားတာ၊ ညှိနှိုင်းဖြေရှင်းတဲ့ နည်းလမ်းနဲ့ သွားတာ အကောင်းဆုံးပဲ။ ပဋိပက္ခတွေကြီးလာတယ်ဆိုတာလည်း အားပေးထောက်ခံမှုတွေ၊ အားပေးထောက်ပံ့မှုတွေများလို့ ဖြစ်လာတာ။ အားပေးထောက်ပံ့မှု မရှိလို့ရှိရင် ပဋိပက္ခဆိုတာ ကြီးလာစရာတော့ မရှိပါဘူး။ တချို့က နှစ်နိုင်ငံဖြစ်တဲ့ ပြဿနာရှိမယ်။ ပဋိပက္ခက အဲ့မှာသူ့ကို ဝိုင်းအားပေးကြတယ်။ ထောက်ခံပေးကြတယ်။ ကူညီပံ့ပိုးပေးတယ်။ စစ်လက်နက်ပစ္စည်းတွေ၊ ငွေကြေးတွေ၊ စားနပ်ရိက္ခာတွေ စသဖြင့် ကူညီပေးတာပေါ့။ ဒီလိုပဲလုပ်လာကြတာ။ အဲတော့ ဒါတွေက ပဋိပက္ခ ပိုပြီးကြီးမားလာတဲ့ဟာတွေ ဖြစ်လာတယ်။ ဒါမျိုးမဖြစ်ဖို့ဆိုရင် အားပေးကူညီတာမျိုး မလုပ်တာက အကောင်းဆုံးပဲ။**

မေး ။ ။ ခုနကအဆွေတော် ပြောသွားတဲ့ထဲမှာ ပတ်သက်လို့ ဒီပြဿနာက တရုတ်နဲ့ အမေရိကန်နှစ်နိုင်ငံရဲ့ ပြဿနာမဟုတ်ဘဲနဲ့ အကြမ်းဖက်နယ်မြေတွေပါလာမှ ပြဿနာ ပိုကြီးလာမယ်လို့ ကျွန်တော်သိရှိရပါတယ်။ ဒါနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံအနေနဲ့လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြားထဲမှာ တင်းမာမှုတွေ မြင့်တက်နေတာကို မြန်မာနိုင်ငံအနေနဲ့ ဒီဘယ်လိုမျိုးထိန်းညှိပေးလို့ရမလဲ။ ဘယ်လိုမျိုးထိန်းညှိပေးဖို့အတွက်ရော စီစဉ်ထားလဲဆိုတာလေးလည်း အဆွေတော်ရဲ့ အမြင်လေးကို သိရှိလိုပါတယ်။

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကတော့ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးနေတာပေါ့၊ နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေးကျင့်သုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ အမေရိကန်နိုင်ငံနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မိတ်ဆွေနိုင်ငံ တစ်ခုပါပဲ။ သို့သော်လည်းပဲ တရုတ်နိုင်ငံကတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံအထဲမှာလည်းဖြစ်သလို အိမ်နီးနားချင်းနိုင်ငံထဲမှာလည်း မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်တယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံဖြစ်တယ်။ သူများနိုင်ငံတွေထက် ပိုထူးခြားတဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီနှစ်နိုင်ငံလုံးနဲ့ ပတ်သက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ထိတွေ့ဆက်ဆံသွားဖို့ ရှိပါလိမ့်မယ်။

မေး ။ ။ အာရှပစိဖိတ်ဒေသမှာ ကျွန်တော်တို့ NATO နဲ့ပတ်သက်ပြီးတော့ တိုးမြှင့်လာတဲ့ ပတ်သက်ပြီး အဆွေတော်အနေနဲ့ရောဘယ်လိုမျိုးသုံးသပ်ပါသလဲ။ ဒီလိုမျိုး ဒေသအတွင်းမှာ မြန်မာနိုင်ငံနဲ့ သက်ဆိုင်တဲ့ ဒေသအတွင်းမှာ အင်အားကြီးတာနဲ့ပတ်သက်ပြီးတော့ အန္တရာယ်ရှိလာနိုင်တယ်လို့ရော ခန့်မှန်းပါသလား။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ရဲ့အတွေးကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ သြော် စိုးရိမ်တာတော့ အမှန်ပဲ။ ဘာမှလည်းမဆိုင်ဘူးလေ။ ဒီအရှေ့အာရှပစိဖိတ်ဒေသနဲ့ NATO က ဘာမှတော့မဆိုင်ပါဘူး။ ကျွန်တော်တို့တော့ စိုးရိမ်ပါတယ်။ ဘာမှလည်း မဆိုင်ဘူးလို့ ကျွန်တော်တော့ ပြောချင်တယ်။ ဒီဒေသက အာရှပစိဖိတ်ဒေသဆိုတာ အာရှဆိုတာ ကုန်းမြေဒေသပေါ့။ ပစိဖိတ်ဒေသဆိုတော့ ကုန်းမြေဒေသနဲ့ ပင်လယ်ကမ်း၊ ပင်လယ်သမုဒ္ဒရာဒေသတွေ ပေါင်းစည်းထားတဲ့ နယ်မြေတစ်ခုပဲ။ ဘာပြောပြော မဟာဗျူဟာအရ အရေးပါတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒါကို ငြိမ်းချမ်းစွာလုပ်နိုင်မယ်ဆိုရင်တော့ ကမ္ဘာ့အတွက် အများကြီးအကျိုးရှိမယ့် လုပ်ငန်းတစ်ခုပါပဲ။ ဒါပေမယ့်လည်း အင်အားကြီး နိုင်ငံကနေပြီးတော့ ဥပမာအားဖြင့် ခုနကပြောတဲ့ထဲမှာ NATO တင် မဟုတ်ဘူးဗျ။ အိန္ဒိယတို့၊ သြစတြေးလျတို့၊ ဂျပန်တို့၊ အမေရိကန်တို့ ပေါင်းစည်းပြီးတော့လည်း သူတို့ ဒီမှာအင်အားထိန်းညှိဖို့အတွက် လုပ်နေတာလည်း ကျွန်တော်တို့ တွေ့တယ်။ ဒါတွေက ပဋိပက္ခကို ပိုကြီးမားလာစေမယ်လို့ပဲ ကျွန်တော်တော့ မြင်ပါတယ်။ ဒါကြောင့်ငြိမ်းချမ်းတဲ့ နည်းနဲ့ပဲသွားတာတော့ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော် ယူဆတယ်။ စိတ်ပူတာတော့ အမှန်ပဲ၊ စိတ်ပူတယ်။

မေး ။ ။ ဒါနဲ့တစ်ဆက်တည်း ကျွန်တော်မေးချင်တဲ့ မေးခွန်းလေးကတော့ အနောက်နိုင်ငံကြီး တော်တော်များများက လွှမ်းမိုးမှု၊ ထိန်းသိမ်းမှုကြိုးစားနေတဲ့အချိန်မှာ နိုင်ငံတကာဆက်ဆံရေးရဲ့ အနာဂတ်ကို ပုံဖော်ပေးမယ့် ဗဟုဝင်ရိုးသဘောတရား Multipolar သဘောတရားနဲ့ ပတ်သက်ပြီးတော့ အဆွေတော် ဘယ်လိုမြင်ပါသလဲ။ နောက် လက်ရှိအခြေအနေမှာ အနောက်နိုင်ငံတွေက သူတို့ရဲ့ စိတ်ဝင်စားမှုနဲ့ သူတို့ရဲ့လိုလားချက်အတွက် သူတို့ကတော့ သူတို့တတ်နိုင်သမျှ Dominate လုပ်ပြီးတော့မှ နိုင်ငံတွေကို ဖိအားတွေပေးနေတာပေါ့၊ ဒါနဲ့ပတ်သက်ပြီးတော့ ဗဟုဝင်ရိုးသဘောတရားနဲ့ ပတ်သက်ပြီးတော့ အဆွေတော်အနေနဲ့ ဘယ်လိုမျိုးမြင်ပါသလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။ အရင်တုန်းကတော့ Unipolar နဲ့ အမေရိကန် အနောက်အုပ်စုကနေပြီးတော့ Unipolar နဲ့ ကမ္ဘာကြီးကို ထိန်းချုပ်လာခဲ့တာပေါ့။ နောက်ကျတော့ Bipolar ဖြစ်လာတယ်။ Bipolar ကနေ တစ်ခါထပ်ပြီးတော့ Unipolar ပြန်ဖြစ်သွားတယ်။ ဒါအနောက်နိုင်ငံက အားသာသွားတာပေါ့။ ဒါပေမယ့် ဒီဘက်ခေတ်ကကျတော့ ခင်ဗျားတို့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က စစ်ရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ သိပ္ပံနဲ့နည်းပညာအရသော်လည်းကောင်း တော်တော်ကြီးကို တိုးတက်လာတယ်။

စာမျက်နှာ ၅ သို့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

စာမျက်နှာ ၄ မှ

တိုးတက်လာတော့ ဒါ Multipolar သဘောတွေ ကျွန်တော်တို့ ဖြစ်လာတယ်။ ဒါကတော့ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ။ ကမ္ဘာကြီးကို တစ်ယောက်ကနေ ကိုင်ပြီးတော့မှ လုပ်တဲ့ဟာမျိုးကတော့ ဘယ်လိုမှ မဖြစ်သင့်ဘူး။ ကျွန်တော်တို့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဒီဒဏ်ကို တော်တော်လေးခံကြရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကတော့ Multipolar စနစ်ကို သွားတာကတော့ အကောင်းဆုံးပဲ။ ကမ္ဘာကြီးမှာရှိနေတဲ့ အကြောင်းခြင်းရာတွေကို မျှဝေခံစားတာကတော့ အကောင်းဆုံးပဲ။ မျှမျှတတ ဆောင်ရွက်တာလည်း အကောင်းဆုံးပဲ။ မျှဝေခံစားတာလည်း အကောင်းဆုံးပဲ။ မမျှမတ ဖြစ်လို့သာ အခုပဋိပက္ခတွေ ဖြစ်လာတာပေ့ါ။ ဒါ့ကြောင့် ပဋိပက္ခမဖြစ်အောင်ဆိုလို့ရှိရင် Multipolar စနစ်ကတော့ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။

မေး ။ ။ ကျွန်တော့်အနေနဲ့ ဒီခုနက Multipolar World နဲ့ပတ်သက်ပြီးတော့ မေးချင်တဲ့ မေးခွန်းကတော့ လက်ရှိမြန်မာနိုင်ငံ အပါအဝင် တခြားနိုင်ငံတော်တော်များများက Multipolar World ကို ထောက်ခံနေတယ်လို့ သိရှိရပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ အနောက်နိုင်ငံတွေကနေပြီးတော့ သူတို့ ရဲ့အရင်တုန်းက Unipolar World ကို သူတို့က ပြန်သွားချင်နေတယ်။ ဒီလိုပြန်သွားချင်တဲ့ဟာကို မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံတွေက Multipolar World သွားဖို့ အကောင်အထည်ဖော်နိုင်အောင် အောင်မြင်ဖို့နဲ့ ဒီ Multipolar World ကို ဖယ်ထုတ်ဖို့တွက် ဘယ်လိုမျိုးနည်းဗျူဟာတွေ ကျင့်သုံးရမယ်လို့ အဆွေတော်ထင်ပါသလဲ။ ဒီဟာနဲ့ ပတ်သက်ပြီးအဆွေတော်ရဲ့ ယုံကြည်မှုလေးတွေ သိရှိလိုပါတယ်။

ဖြေ ။ ။ ခုနက ကျွန်တော်ပြောတာ သုံးနိုင်ငံရှိတယ်။ သုံးနိုင်ငံပေ့ါ။ ဒီသုံးနိုင်ငံကတော့ ကမ္ဘာပေါ်မှာလည်း မျှမျှတတဆောင်ရွက်ပေးနေတဲ့ နိုင်ငံတွေလို့ ကျွန်တော်တို့ မြင်တယ်ဗျ။ အဲတော့ ဒါတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကိုယ်ကိုယ်တိုင်ကလည်း ကြိုးစားရမှာပေ့ါ၊ ကိုယ်ကိုယ်တိုင်ကလည်း မကြိုးစားလို့တော့ မဖြစ်နိုင်ဘူး။ ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ရဲ့စီးပွားရေး အတတ်ပညာစသဖြင့် ဒါတွေလည်း ကျွန်တော်တို့က ဖွံ့ဖြိုးတိုးတက်အောင်လို့ လုပ်ကြရမှာပေ့ါ။ တစ်ဖက်ကလည်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ ပိုလုပ်ဖို့လိုတယ်။ စောစောက နိုင်ငံတွေကတော့ ကမ္ဘာမှာ ထိပ်ဆုံးမှာ၊ ထိပ်မှာရှိတဲ့ နိုင်ငံတွေဖြစ်တော့ ခင်ဗျားတို့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ ဒီလိုနိုင်ငံမျိုးတွေက ဦးဆောင်နိုင်တဲ့ အခြေအနေရှိတဲ့ နိုင်ငံတွေ သူတို့နိုင်ငံတွေအနေနဲ့ ပူးပေါင်းပြီးတော့ မျှမျှတတ ဆောင်ရွက်သွားမယ်ဆိုရင် Multipolar ကတော့ ကျွန်တော်တို့ကတော့ Global ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ ဒီ Unipolar ကတော့ ဘယ်သူမှလက်ခံနိုင်မှာ မဟုတ်ဘူး။ ဒီဒဏ်ကို ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တဲ့ နိုင်ငံတွေအားလုံး ကြုံတွေ့လာနိုင်တာတွေအားလုံးက အကုန်လုံး သိတယ်။ ခါးသီးတဲ့အရသာကို ကျွန်တော်တို့ သိတယ်။ ဒါကြောင့် ဘယ်သူမှတော့ အဖြစ်ခံမှာ မဟုတ်တော့ဘူး။ နိုင်ငံတွေကလည်း အကုန်လုံး ကြိုးစားနေကြတာပဲ။ နိုင်ငံတွေအားလုံးကလည်း လူတွေက မတ်တပ်ရပ်ရင်ကျန်ခဲ့မှာပေ့ါ။ မတ်တပ်ရပ်ပြီးနေလိုက်ရင် ကျန်ခဲ့မယ်။ လမ်းလျှောက်သူတွေကတော့ ကျော်သွားမှာပဲ။ အဲ့တော့ အကုန်လုံးက လမ်းလျှောက်နေကြတာ၊ လမ်းလျှောက်နေကြတာ။ ဒါကြောင့် သူတို့တိုးတက်အောင်လုပ်နေတာ ဖြစ်တဲ့အတွက်ကြောင့်တော့ ခုနက ပြောခဲ့တဲ့သမိုင်းမှာ ဖြစ်ခဲ့တဲ့ အတိတ်ဖြစ်ရပ်တွေအရ နိုင်ငံတွေက သူတို့နိုင်ငံတွေ ဒီလိုမဖြစ်အောင်ဆိုတဲ့စိတ်တွေ အကုန်လုံးရှိကြတယ်။ အဲ့အချိန်မှာ စောစောကပြောခဲ့တဲ့ ဦးဆောင်တဲ့ နိုင်ငံတွေနဲ့ ပေါင်းပြီးတော့ လုပ်မယ်ဆိုရင် Unipolar ကိုတော့ ဘယ်လိုမှ ဖြစ်လာစေမှာ မဟုတ်ဘူးလို့တော့ ကျွန်တော်တော့ တွေ့ရပါတယ်။

❍ ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ အာဆီယံရဲ့ ပဋိညာဉ်အတိုင်းပေ့ါ။ ပူးပေါင်းဆောင်ရွက်မှုတွေ ကျွန်တော်တို့ အကုန်လုံးအပြည့်အဝ လုပ်ပါတယ်။ အာဆီယံရဲ့ ရည်ရွယ်ချက်ကတော့ တကယ်ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။

❂ အာဆီယံဘက်ကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံချင်းရဲ့ သဘောထားတွေတော့ တချို့ဟာတွေ ကွဲပြားခြားနားမှုတွေ ရှိပါတယ်။ သို့သော်လည်းပဲ သူ့ရဲ့ အခြေခံအချက်အလက်တွေ ရှိပြီးသားပဲ။ ဒီအခြေခံအချက်တွေပေါ် မူတည်ပြီးတော့ လုပ်နိုင်ဖို့ပဲ အရေးကြီးတယ်လို့ ကျွန်တော် ပြောချင်တယ်။

မေး ။ ။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလို့ သိရှိရပါတယ်။ အာဆီယံအဖွဲ့ဝင်ဆိုတာလည်း ကျွန်တော်တို့ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းတွေမှာဆိုလည်း ဩဇာတိက္ကမ ကြီးမားတဲ့အဖွဲ့ဝင်နိုင်ငံ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့အဖွဲ့မှာရောဘယ်လိုမျိုး အခန်းကဏ္ဍကနေပါဝင်လုပ်ဆောင်နေပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ အာဆီယံရဲ့ ပဋိညာဉ်အတိုင်းပေ့ါ။ ပူးပေါင်းဆောင်ရွက်မှုတွေ ကျွန်တော်တို့ အကုန်လုံး အပြည့်အဝလုပ်ပါတယ်။ အာဆီယံရဲ့ ရည်ရွယ်ချက်ကတော့ တကယ်ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။ ဒါကြောင့် ကျွန်တော်တို့က ဒီမြန်မာနိုင်ငံအနေနဲ့ မှန်ကန်တဲ့ပေ့ါ သူ့ရဲ့မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကနေ လုပ်ဖို့အတွက်ကို ကျွန်တော်တို့က စိတ်ဆန္ဒလည်းရှိပါတယ်။ လုပ်လည်းလုပ်နေပါတယ်။ အာဆီယံဘက်ကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံချင်းရဲ့ သဘောထားတွေတော့ တချို့ဟာတွေ ကွဲပြားခြားနားမှုတွေရှိပါတယ်။ သို့သော်လည်းပဲ သူ့ရဲ့ အခြေခံအချက်အလက်တွေ ရှိပြီးသားပဲ။ ဒီအခြေခံအချက်တွေပေါ် မူတည်ပြီးတော့ လုပ်နိုင်ဖို့ပဲ အရေးကြီးတယ်လို့ ကျွန်တော်ပြောချင်တယ်။

မေး ။ ။ တစ်ဆက်တည်းမှာ ကျွန်တော်တို့ထပ်ပြီး မေးလိုတာကတော့ ဒီအာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီအာဆီယံအဖွဲ့အစည်းနဲ့ရုရှားနဲ့ ဒီအနာဂတ်ဆက်ဆံရေးကိုရော ဒီဘယ်လို မြင်လဲဆိုတာလေးလဲ သိလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ရုရှားနဲ့ ရုရှားနိုင်ငံက အာဆီယံအတွက်တော့ အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်တာပေ့ါလေ။ ကျွန်တော်တို့ရဲ့ အခု ၂၀၂၄ ခုနှစ်ကနေ ၂၀၂၇ ခုနှစ်အထိ ကျွန်တော်တို့ရဲ့နိုင်ငံက အာဆီယံနဲ့ ရုရှားနိုင်ငံရဲ့ဆက်ဆံရေးကိုလည်း ညှိနှိုင်းရေးတာဝန်ယူထားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ အရင်တုန်းက ကျွန်တော်တို့က တရုတ်နဲ့ အရင်ကာလက ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ တရုတ်လည်း အောင်အောင်မြင်မြင် ကျွန်တော်လုပ်ခဲ့ပေးတယ်။ ကျွန်တော်တို့အခုဆိုလည်း ရုရှားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က ညှိနှိုင်းခဲ့တဲ့ နိုင်ငံတစ်ခုအနေနဲ့ တာဝန်ယူထားတာပေ့ါ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေနိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့်လည်း ရုရှားနဲ့အာဆီယံနိုင်ငံ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ပိုကောင်းအောင်လုပ်ပေးဖို့ ကျွန်တော်တို့လည်း ဆန္ဒရှိပါတယ်။ ရုရှားက အာဆီယံအတွက်တော့ အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ဆွေးနွေးဖက်နိုင်ငံထဲမှာလည်း ပါနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ကာလတွေမှာတော့ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှာ ရုရှားနိုင်ငံဟာ အရေးပါတဲ့ အနေအထားမှာ ရှိလာနိုင်မယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ တစ်ဖက်ကလည်း ရုရှားနိုင်ငံကလည်း ဒီအာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေကို ကဏ္ဍပေါင်းစုံတိုးချဲ့နိုင်ဖို့အတွက်လည်း စဉ်းစားဆောင်ရွက်ပေးနိုင်ဖို့လည်းလိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

မေး ။ ။ ကျွန်တော့်အနေနဲ့ ဒါကတော့နိုင်ငံရေးနဲ့ မဆိုင်တော့ပါဘူး။ ကျွန်တော်တို့ သတင်းဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်းလေး မေးချင်ပါတယ်။ ကျွန်တော်တို့ RT သတင်းဌာနကတော့ နှစ်ပေါင်း ၂၀ ခန့် ရပ်တည်နေတာရှိပါတယ်။ ကျွန်တော်တို့ RT သတင်းဌာနနဲ့ ပတ်သက်ပြီးတော့ RT သတင်းဌာနရဲ့ လုပ်ဆောင်နေမှုတွေ၊ သတင်းထုတ်ပြန်နေမှုတွေနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ရဲ့ အမြင်လေးကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ RT သတင်းဌာနကတော့ တကယ့်ထိပ်တန်းသတင်းဌာန တစ်ခုလိုပဲ။ သတင်းတင်ဆက်မှုအပိုင်းလည်း တော်တော်လေးကောင်းပါတယ်။ ကျွန်တော်လည်း မကြာခဏ ကျွန်တော် RT ကို ကြည့်ပါတယ်။ RT က သတင်းတင်ဆက်မှုတွေက ခိုင်လုံ၊ ခိုင်မာမှုတွေ တော်တော်များများရှိတာပေ့ါ။ အကြောင်းအရာနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံလေးပြောနိုင်တာရှိတယ်။ နောက်သမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့ ဖော်ထုတ်ပြီးတော့ တင်ပြတဲ့အခါမှာလည်း တော်တော့်ကို အတုယူစရာတွေ ကျွန်တော်တို့တွေ့တယ်။ ကျွန်တော်တော့ အဲဒီကနေရတဲ့ ပညာတွေလည်း အများကြီးအများကြီး ရှိပါတယ်။ အဲဒါကြောင့် RT ကတော့ တကယ်ကောင်းတဲ့ သတင်း၊ အဆင့်မြင့်မားတဲ့ သတင်းဌာနတစ်ခုလို့ ကျွန်တော်တော့မြင်ပါတယ်။ အနှစ် (၂၀) ကြာအောင် ကာလအတွင်းမှာ RT ရဲ့ အောင်မြင်မှုတွေကိုလည်း ဆက်လက်ပြီးတော့မှ ဒီထက်ပိုပြီးတော့ အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ရုရှား - မြန်မာ ချစ်ကြည်ရေးအပြင်ကို ရုရှားနိုင်ငံနဲ့ ကမ္ဘာပေါ်မှာ ဆက်ဆံနေရတဲ့ အခြေအနေမျိုးကိုလည်း RT ကနေပြီးတော့မှ ပိုပြီးကောင်းအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ပိုပြီးလည်း အောင်မြင်ပါစေလို့လည်း ဆုမွန်ကောင်းတောင်းပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဖျာပုံမြို့ အောက်ကွင်းကြီးမျိုးသန့်ခြံ၌ ပြုလုပ်သော သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စပါးမျိုးစေ့ချကိရိယာများ တက်ရောက်ပေးအပ်

ပုသိမ် မေ ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဖျာပုံ ခရိုင် ဖျာပုံမြို့နယ် အောက်ကွင်းကြီးမျိုးသန့်ခြံ၌ ပြုလုပ်သော ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စပါးမျိုးစေ့ချကိရိယာ (Drum Seeder) များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ မိုးစပါးစိုက်တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့နှင့် စပါးမျိုးစေ့ချကိရိယာ (Drum Seeder) များ ပေးအပ်ကာ **(အပေါ်ယာပုံ)** အောက်ကွင်းကြီး မျိုးသန့်ခြံ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မြို့နယ်လေးမြို့နယ် ပူးပေါင်းဆောင်ရွက်သည့် ဧရာဝတီပေါ်ဆန်းနှင့် ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အရည်အသွေးမြင့် ပေါ်ဆန်းဆန်၊ ပေါ်ဆန်းစပါးများနှင့် ပေါ်ဆန်းထမင်းများ၏ အနံ့၊ အရသာ၊ အရည်အသွေး ကောင်းမွန်မှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပေါ်ဆန်းဖိုရမ် ၂၀၂၅ ရလဒ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)၏ သုတေသနအရာရှိက ဌာနမှ ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ငလျင်ဘေးသင့်ဒေသများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဒေသကော်မတီ (၅) ဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မအူပင်ခရိုင် မအူပင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံပြီး မအူပင်ခရိုင် ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd.သို့ သွားရောက်၍ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည့် တင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ်အတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ရှမ်းပြည်နယ်၊ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) လည်ပတ်နိုင်ရေးအတွက် စက်ရုံရှိ Air Separation Unit ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများအား စစ်ဆေးရန်နှင့် အပြီးသတ် စက်တပ်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co., Ltd. မှ ကျွမ်းကျင်ပညာရှင်များကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်မှစ၍ ပြန်လည်စတင် ဆောင်ရွက်ခဲ့ပြီး TPE Co., Ltd. မှ ကျွမ်းကျင်ပညာရှင်များသည် စက်ရုံ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများကို လာရောက် စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေး တွေ့ရှိချက်များအပေါ် ပြန်လည်ပြင်ဆင်ရမည့် စက်ပစ္စည်း ကိရိယာများအနက် ပြည်တွင်းရှိ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် စစ်ဆေးပြုပြင်၍ ရသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားပညာရှင်များအနေဖြင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ၌ လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးရန်နှင့် အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ပြန်လည်လည်ပတ်နိုင်ရေးအတွက် လာရောက်သည့်ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပညာရှင်များအား ကြိုဆိုပါကြောင်း၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်က Romelt နည်းပညာကို အောင်မြင်မည်ဟု ယုံကြည်၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံမည့် အခက်အခဲများကို ပွင့်လင်းစွာဖြင့် ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း လုပ်ငန်းများ အောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ TPE Co., Ltd. မှ ကျွမ်းကျင်ပညာရှင် အဖွဲ့ခေါင်းဆောင်က အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် ရုရှား-မြန်မာ ချစ်ကြည်ရေး၏ ပြယုဂ်ဖြစ်သဖြင့် စီမံကိန်း လုပ်ငန်းများကို အောင်မြင်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်၊ အခက်အခဲများကိုလည်း ဖြေရှင်းကျော်လွှားနိုင်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့သည် ရှမ်းရိုးမ ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ဘိလပ်မြေများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အေးသာယာစက်မှုဇုန်ရှိ ဝမ်စိမ်းဆီစက်၊ စိန်ငွေမြစက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ ပြောင်းအခြောက်ခံစက်ရုံ၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ စီမံကိန်းတို့သို့ရောက်ရှိပြီး ငလျင်ကြောင့် ပျက်စီးခဲ့သည့် စက်မှုလုပ်ငန်းများရှိ စက်ပစ္စည်းများအား စနစ်တကျပြန်လည်ပြင်ဆင်နိုင်ရေးအတွက် မြန်မာနိုင်ငံ စက်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ ရေးဆွဲထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလမ်းညွှန်ချက်များ ထွက်ရှိလာပါက လမ်းညွှန်ချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချခြင်း လိုက်လံကြည့်ရှုအားပေး

နေပြည်တော် မေ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးလျှင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရေး ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးလျက်ရှိသည့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။(ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အရောင်းပြခန်းများ၌ ပြသရောင်းချလျက်ရှိသော ဘိလပ်မြေရောင်းဝယ်မှုအခြေအနေများ၊ သံ၊ သံမဏိပစ္စည်း ရောင်းချမှုအခြေအနေ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် သုတ်ဆေးများ ရောင်းချနေမှု အခြေအနေများ၊ အိမ်တွင်း အလှဆင်ပစ္စည်း ရောင်းချရမှု အခြေအနေများ၊ လုပ်ငန်းသုံး မီးစက်ရောင်းချနေမှုအခြေအနေများ၊ အဆောက်အအုံဆောက်လုပ်ရာတွင် အသုံးပြုသည့် သံလုံးအရစ်ဖော်စက်နှင့် သံလုံးဖြတ်စက်၊ သံချည်သံကွေးစက်၊ စတားကွင်းရိုက်စက်ဖြင့် ပုံဖော်ခြင်းလုပ်ငန်း လက်တွေ့သရုပ်ပြလုပ်ဆောင်နေမှု အခြေအနေများကို ကြည့်ရှုပြီး ရောင်းချပွဲသို့ လာရောက်ကြသည့် ရပ်ဟန်းရှင်လူပြည်သူများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါရောင်းချပွဲ၏ ဆဋ္ဌမမြောက်နေ့အဖြစ် ယနေ့တွင် လုပ်ငန်းသုံးပစ္စည်းများအား ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့် သံ၊ သံမဏိ၊ဘိလပ်မြေနှင့်ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး အဆိုပါ ရောင်းချပွဲကို မေ ၁၈ ရက်အထိ ပြသရောင်းချပေးမည် ဖြစ်ကြောင်း သက်သာသော ဈေးနှုန်းဖြင့် နှင့် ပြည်သူများ အနေဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့တော်ခန်းမနှင့် နေပြည်တော်ကောင်စီရုံး ပြန်လည်ပြုပြင်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် အတူ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအဆောက်အအုံ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးသည့် အစိတ်အပိုင်းများအား စနစ်တကျဖယ်ရှားရှင်းလင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ အမြန်ပြီးစီးအောင် ပြုပြင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဗမ္ဗူသီရိခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီများမှ လုပ်ငန်းတာဝန်များကို ရွေးကောက်ပွဲမကျင်းပမီ အချိန်အထိ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက အမြဲမပြတ် ဆွေးနွေးညှိနှိုင်း အလေးနက်ထား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီရုံး ပြန်လည်ပြုပြင်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး အဆောက်အအုံများပြုပြင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော SOP နှင့်အညီ ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရေး အပိုင်းလိုက် အမြန်ပြီးစီးအောင် ပြုပြင်ဆောင်ရွက်ရေးတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့အကျိုးပြု ဒစ်ဂျစ်တယ်အသိုက်အဝန်းထူထောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁၇

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက Naypyitaw State Polytechnic University ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်သည်။

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ပါ သက်ဆိုင်ရာမဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များ ပြည့်မီစေရေးအတွက် လုပ်ငန်းစဉ်များကို အောင်မြင် ပြီးမြောက်အောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ AI အပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာ အရွေ့တို့နှင့်အမီ လိုက်ပါကာ ဆန်းသစ်တီထွင်မှုများမှ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဒစ်ဂျစ်တယ်မျက်နှာစာသို့ ထိုးဖောက်နိုင်စေရန်၊ ပြည်သူ့အကျိုးပြု ဒစ်ဂျစ်တယ်အသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် လူ့စွမ်းအားရင်းမြစ်များ ပျိုးထောင်ပေးနိုင်ရန်၊ နိုင်ငံ့ရေရှည်အကျိုးစီးပွားကို လှမ်းမြဲဖော်ဆောင်ပေးမည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသော လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာအရာရှိကြီးများ၊ ပြင်ပအဖွဲ့အစည်းများ ဖြစ်ကြသော UMFCCI ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Naypyitaw State Polytechnic University ရှိ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နိုင်ငံတော်ကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် စွမ်းရည်မြင့်အင်ဂျင်နီယာများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လာမည့်ဇွန်လဆန်း ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများ၊ သိပ္ပံခုတ်ခွဲခန်းများ၊ လက်တွေ့ခန်းများတွင် စနစ်တကျ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တက္ကသိုလ်ဥပမိရိပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်တွင်းပြည်ပပညာရှင်များနှင့် အတွေ့အကြုံများဖလှယ်ဆွေးနွေးကာ ရရှိလာသောအသိပညာရပ်များကို လက်တွေ့ကုသမှုနယ်ပယ်တွင် မှန်ကန်စွာအသုံးချ

နေပြည်တော် မေ ၁၇

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပြည်တွင်း/ပြည်ပမှ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားဆေးပညာရှင်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ မေ့ဆေးညီလာခံကို နှစ်နှစ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့ရာ ယခုကျင်းပပြုလုပ်သည့် ညီလာခံမှာ (၁၄)ကြိမ်မြောက်ဖြစ်ပါကြောင်း၊ မေ့ဆေးအထူးကုဆရာဝန်များအနေဖြင့် အထူးကြပ်မတ်ကုသမှုများကိုပါ ပူးတွဲဆောင်ရွက်ပေးနေကြပြီး ရှောင်တခင်ဖြစ်ပေါ်တတ်သော အရေးပေါ်ကျန်းမာရေးအခြေအနေများအတွက် မကြာခဏတွေ့ကြုံရလေ့ရှိရာ မှန်ကန်စွာနှင့် မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မှသာ အန္တရာယ်ကင်း၍ စိတ်ချရသော ကုသမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယခုညီလာခံ၏ ခေါင်းစီးအနေဖြင့် "Dealing with Anaesthesia Crisis : Empowering Knowledge and Sustainable Practice" အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ပြင်းထန်သည့် ငလျင်ကြီးကြောင့် ဆေးရုံအချို့ရှိ ခွဲစိတ်ခန်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ပြီးပြီးချင်း ပြည်သူ့ဆေးရုံများ၌ ခွဲစိတ်ကုသမှုများ အမြန်စတင်နိုင်ရေးအတွက် ဆက်စပ်သောဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများ၌ အကြီးစားခွဲစိတ်ကုသမှု ၂၄၀၀၀၀ ကျော်၊ အသေးစားခွဲစိတ်ကုသမှု ၂၂၀၀၀၀ ခန့်ကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့ညီလာခံမှ ပြည်တွင်းပြည်ပပညာရှင်များနှင့် အတွေ့အကြုံများ ဖလှယ်ဆွေးနွေးကာ ရရှိလာသော အသိပညာရပ်များကို လက်တွေ့ကုသမှုနယ်ပယ်တွင် မှန်ကန်စွာအသုံးချပြီး လူနာများအတွက် စိတ်ချလုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နိုင်စေရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ World Federation of Socie–ties of Anaesthesiologists (WFSA) President Dr. Carolina Haylock Loor မှ ပေးပို့သော Welcome Message Video ကိုပြသပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပုဂံအကဖြင့် ကပြဖျော်ဖြေကာ မြန်မာနိုင်ငံ မေ့ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင်က ညီလာခံကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပါမောက္ခ ဒေါက်တာမူမူနိုင်၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးခင်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်တို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာပိုစတာများနှင့် ဆေးနှင့်ဆေးပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို မေ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံမှ ဆေးပညာရှင်များအပြင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘရူနိုင်းနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင် ၁၀ ဦးတို့က ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ ပိုစတာ ၁၄ ခုကို ပြသထားကာ ညီလာခံအကြိုလုပ်ရှားမှုအဖြစ် အလုပ်ရုံဆွေးနွေးပွဲ သုံးခုကိုလည်း မေ ၁၆ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၂/၂၀၂၅)သို့ တက်ရောက်ပြီး အမှာစကားပြောကြားကာ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများ တင်ပြခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အတည်ပြုခြင်း၊ ဆုံးဖြတ်ရမည့်အချက်များ ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကျိုင်းတောင်း မေ ၁၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကျိုင်းတောင်းမြို့ရှိ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း တာဝန်ခံ ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ မြစ်ရေလွှဲခြင်းလုပ်ငန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေယူအဆောက်အအုံမြေကြီးကျောက်တူးဖော်ခြင်း လုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်တည်ဆောက်ခြင်း၊ ရေထိန်းတံခါးပွွန်လုပ်ငန်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း၊ စက်ရုံရေနုတ်မြောင်း ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားကာ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းဆိုဒ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းသည် စီမံကိန်းတစ်ခုလုံးပြီးစီးမှု ၉၀ ဒသမ ၄၆ ရှိပြီး ၂၀၂၇ ခုနှစ် မတ်လတွင် စက်များ လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကျိုင်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်တိန်းခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျိုင်းတောင်းမြို့ ဌာနဆိုင်ရာများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျိုင်းတောင်းမြို့အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် လွိုင်လင်မြို့၌ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းမိုင် (၁၇၁/၁-၁၇၁/၃)အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး



မိုးတွင်းကာလတွင် ရေထွက်ပေါက်များကို ကြည့်ရှုစစ်ဆေးရန် မှာကြားသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းတို့၌ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာသင်ခန်းများ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်မရောက်မီ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားကာ သစ်တောရပ်ကွက် သပြေလမ်းတွင် ရေစီးရေလာကောင်းမွန်ရေး၊ တောင်ကြီးမြို့ တက္ကသိုလ်ကျောင်းရှေ့ ရေနုတ်မြောင်းများအတွင်း အမှိုက်များ၊ မြေကြီးများကို မြို့နယ်စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း လျောင်ဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရေးအဖွဲ့က ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ လျောင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေ၊ ဆီဘူး၊ ဖျာနှင့် မီးလုံးများကို မေ ၁၇ ရက်က ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။

သက်ခိုင်

❑ *ကျောဖုံးမှ*

ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ထို့အပြင် ပွဲကစားချိန် ၆၁ မိနစ်တွင် ချယ်ဆီးအသင်း၏ ပယ်နယ်တီကန်သွင်းခွင့်ကိုလည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကူကူရယ်လာက ပွဲကစားချိန် ၇၁ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပွဲစဉ် (၃၇) အပြီးတွင် ရမှတ် ၆၆ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နိုင်ခဲ့သည်။

အက်စ်တွန်ဗီလာနှင့် စပါးအသင်းပွဲစဉ်ကို နံနက် ၁ နာရီက ဗီလာပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အက်စ်တွန်ဗီလာ အသင်းအတွက် သွင်းဂိုးများကို ခွန်ဆာနှင့် ကာမာရာတို့က ပွဲကစားချိန် ၅၉ မိနစ်နှင့် ၇၃ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။

အောင်ဇော်

ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း ဖွင့်လှစ်ရန်ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် မေ ၁၇

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ အဆင့်မြင့်ပညာ၊ အခြေခံပညာကျောင်းများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(နမ့်ကွတ်) နှင့် ဒေါ်နိုးကူးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် အဆိုပါကျောင်းများ၌ ကျောင်းဖွင့်ရာသီအမီ ကြိုတင်ပြင်ဆင်ထားရှိသည့် ကျောင်းရုံးခန်း၊ ခန်းမ၊ စာသင်ခန်းနှင့် ဝန်ထမ်းနေအိမ်များကို

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးရုံးသုံးပရိဘောဂများ ပြည့်စုံစွာထားရှိရေး၊ ကျောင်းခြံစည်းရိုးများ လုံခြုံစေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) သို့ရောက်ရှိကာ ရုံးခန်း၊ အစည်းအဝေးခန်းမ၊ ဧည့်ခန်း၊ ဓမ္မာရုံ၊ ဘောလုံးကွင်း၊ စားရိပ်သာ၊ စုပေါင်းခန်းမ၊ သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ကျောင်းရှိ စာသင်ခန်း၊ တိုက်ကွမ်ဒို၊ GYM နှင့် ဂျူဒိုအားကစားခန်းမများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်ရန် ရောက်ရှိနေသည့် သင်တန်းသား သင်တန်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများ သတ်မှတ်အရေအတွက် ပြည့်စုံစွာတက်ရောက်နိုင်ရေး သင်ကြားမည့် ဆရာ ဆရာမများ ပြည့်စုံစွာဖြင့် စိတ်အေးချမ်းသာစွာ သင်ကြားနိုင်ရေး စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရပ်စောက်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရပ်စောက် မေ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း၊ ဘဏ္ဍာရေးမှူး ဒေါက်တာဝင်းပုလဲ၊ အဖွဲ့ဝင် ဒေါက်တာယုယုခင်နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညိုမီစော၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညိုမီစောက အမှာစကား ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက မူကြိုကလေးငယ်များအတွက် အာဟာရဒါန အလှူငွေကျပ် ၅၀၀၀၀၀၊ ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးအပ်ပြီး မူလတန်းကြို ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

လပွတ္တာမြို့နယ်၌ ကရင်တိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

လပွတ္တာ မေ ၁၇

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယနေ့နံနက်၉နာရီက ကရင်တိုင်းရင်းသားစာပေသင် (TA/LP) ဆရာ ဆရာမများ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားမစတင်မီက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ခံစားခဲ့ရသည့် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများကိုရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ၁ မိနစ် မတ်တပ်ရပ်၍ ငြိမ်သက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်း ဆရာ ဆရာမ ၁၀၀ အား သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းဆရာ ဆရာမများကိုယ်စား ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းသင်တန်းကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ရပြီး အခြေခံပညာကျောင်းများတွင် KG တန်းမှ Grade-3 အထိ ထည့်သွင်းသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သို့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော "မရှိ၍မလင်းသူ မရှိစေရ" အစီအစဉ်အရ မျက်စိရောဂါဝေဒနာရှင်များအား ကွင်းဆင်း ကုသခြင်းလုပ်ငန်းနှင့် ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသူရ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံသို့ ယမန်နေ့ နံနက်

၈ နာရီမှစ၍ ကွင်းဆင်းကုသခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ အခမဲ့ကွင်းဆင်းကုသသည့် အစီအစဉ်တွင် ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးမှ အထွေထွေ သမားတော်ကြီးများ၊ ခွဲစိပ်အထူးကု၊ မီးယပ်နှင့် သားဖွားအထူးကု၊ ကလေးအထူးကု၊ အရိုးအကြော ပြန်လည်သန်စွမ်းရေး ဆေးပညာအထူးကု၊ မျက်စိအထူးကု၊ နားနှာခေါင်းလည်ချောင်း အထူးကု၊ သွားရောဂါအထူးကု ဆရာဝန်ကြီးများက ပါဝင်ကုသဆောင်ရွက်ပေးပြီး လာရောက်ပြသသည့် ပြည်သူများအား အမျိုးသား တီဘီတိုက်ဖျက်ရေး စီမံကိန်းဗဟို (ရန်ကုန်ရုံးခွဲ) မှ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်း (Active Case Finding) ကို Specialist Tour တို့နှင့်အတူ အခမဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းကုသရေး အစီအစဉ်သို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ပြသသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၇

မေ ၁၈ ရက်၌ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ကျန်းမာသက်ရှင်နေထိုင်ရေး ငါးအာဟာရစားသုံးပေး

ဒေါက်တာ အောင်နိုင်ဦး (ငါးဦးစီး)

ဘာကြောင့် ငါးကိုစားသင့်ပါသလဲ

ငါးနှင့်ပုစွန်များသည် အဆီနည်းခြင်း၊ ကယ်လိုရီနည်းခြင်းနှင့် အသားဓာတ်မြင့်မားစွာပါဝင်သော အစားအစာဖြစ်ပြီး စားသုံးသူ၏ ခန္ဓာကိုယ်၊ ဦးနှောက်နှင့်နှလုံးတို့ကို အကျိုးရှိစေသည့် ဗီတာမင်၊ သတ္တုဓာတ်၊ မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များအတွက် အလွန်ကောင်းမွန်အကျိုးရှိသော အရင်းအမြစ်ဖြစ်ပါသည်။

အဆိုပါ အကျိုးရှိသော အာဟာရဓာတ်များထဲမှ တစ်မျိုးဖြစ်သော အိုမီဂါ-၃အဆီအက်စစ်များသည် ကင်ဆာ၊ စိတ်ဓာတ်ကျခြင်းနှင့် နှလုံးရောဂါများ လျော့နည်းစေရန် ဆက်စပ်မှုများရှိပါသည်။ အိုမီဂါ-၃ အဆီအက်စစ်သည် မမွေးဖွားသေးသော သန္ဓေသားနှင့် မွေးဖွားပြီးကလေးငယ်များ၏ ဦးနှောက်ဉာဏ်ရည် ကျန်းမာဖွံ့ဖြိုးရေးအတွက်လည်း ပိုမိုကောင်းမွန်စေပြီး ငယ်ရွယ်သူကလေးငယ်များ ကျန်းမာဖွံ့ဖြိုးရန်အဟန့်အတားဖြစ်စေသည့် ပြဿနာများကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

ငါးစားသုံးခြင်းဖြင့် အခြားသောဖြစ်စေနိုင်သည့်အရာများ

အချို့သော ငါးမျိုးများမှာ မာကျူရီဓာတ်မြင့်မားစွာပါဝင်သဖြင့် အဆိုပါငါးမျိုးများကို ကာလကြာရှည်စွာပမာဏများများစားသုံးပါက ကျန်းမာရေး ဘေးအန္တရာယ်ရှိနိုင်ပါသည်။ မာကျူရီဓာတ်သည် ဦးနှောက်နှင့်အခြားသော အာရုံကြောစနစ်၏ အချို့သောအပိုင်းများကို ပျက်စီးစေနိုင်ပါသည်။ မမွေးဖွားရသေးသော သန္ဓေသားများ၊ ကလေးငယ်များနှင့် ငယ်ရွယ်သူများသည် ၎င်းတို့၏အာရုံကြောစနစ်များသည် ဖွံ့ဖြိုးဆဲဖြစ်သဖြင့် မာကျူရီ၏ဘေးအန္တရာယ်မှာ အလွန်ကြီးမားပြီး ပျက်ပြယ်သွားခြင်းမရှိဘဲ အမြဲတမ်းထိခိုက်နိုင်ပါသည်။

အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ရယူရန် အစီအစဉ်ရှိသည့် အမျိုးသမီးများ၊ ကလေးအမေများနှင့် အသက်ခုနစ်နှစ်အရွယ်အောက် ကလေးများသည် မာကျူရီ အဆိပ်သင့်မှုအနည်းဆုံးဖြစ်စေရန် ဂရုပြုရမည်ဖြစ်ပါသည်။

ငါးပမာဏမည်မျှစားသုံးသင့်ပါသနည်း

သင်စားသုံးမည့် ပင်လယ်စာအမျိုးအစားနှင့် ပမာဏတို့ကိုကန့်သတ်ချင့်ချိန်ခြင်းဖြင့် ငါးစားသုံးခြင်းမှ မာကျူရီအဆိပ်သင့်မှုကို လျှော့ချနိုင်ပြီး အစာအာဟာရမှ ကျန်းမာရေးအကျိုးရှိမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးကျွမ်းကျင်ပညာရှင်များက အကြံပြုထောက်ခံထားသည်မှာ ရက်သတ္တတစ်ပတ်လျှင် ပင်လယ်စာအမျိုးမျိုး နှစ်ကြိမ်စားသုံးသင့်ကြောင်း အကြံပြုထားပါသည်။ အရွယ်ရောက်သူများအနေဖြင့် ငါးကို ရက်သတ္တတစ်ပတ်လျှင် ၁၂ အောင်စ၊ ၆ အောင်စ နှစ်ကြိမ်စားသုံးသင့်ပြီး ငယ်ရွယ်သူကလေးများအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ၆ အောင်စ၊ ၃ အောင်စ နှစ်ကြိမ် စားသုံးသင့်ပါသည်။ ချက်ပြုတ်ပြီးသောငါး ၆ အောင်စသည် မချက်ပြုတ်ရသေးသောငါး ၈ အောင်စ (ပေါင်ဝက်)နှင့် ညီမျှပါသည်။

မည်သည့်ငါးမျိုးများသည် စားသုံးရန် အသင့်တော်ဆုံးဖြစ်ပါသနည်း

မာကျူရီဓာတ်အနည်းဆုံးပါဝင်ပြီး အိုမီဂါ - ၃ အဆီအက်စစ်ပါဝင်မှုမြင့်မားသော ငါးများသည် စားသုံးရန်အသင့်တော်ဆုံးဖြစ်ပါသည်။ မည်သူမဆို မာကျူရီဓာတ်နည်းသော ငါးမျိုးကို ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်စားသုံးရပါမည်။ မာကျူရီဓာတ် အနည်းဆုံးပါဝင်ပြီး အိုမီဂါ-၃အဆီအက်စစ်ပါဝင်မှုမြင့်မားစွာပါရှိသည့် စားသုံးရန်အကောင်းဆုံးငါးမျိုးများမှာ ဟာရင်း(Herring)၊ ယောက်သွား(Mussels)၊ ကမာ(Oysters)၊ ဆယ်လ်မွန်(Salmon)၊ ငါးသေတ္တာငါးခေါ် ငါးကုန်းညို (Sardine)၊ ငါးဖြူ (Whitefish) တို့ဖြစ်ပါသည်။

မာကျူရီဓာတ်အနည်းဆုံးပါဝင်ပြီး အိုမီဂါ-၃ အဆီအက်စစ်ပါဝင်မှု မမြင့်မားသော်လည်း စားသုံးရန် သင့်တော်သောငါးမျိုးများမှာ စည်သွတ်ကျူနာ (Light Canned Tuna)၊ ငါးခူငါးမျိုး(Catfish)၊ ကဏန်း (Crab)၊ ရေချိုကျောက်ပုစွန် (Crawfish)၊ ခုံးကောင် (Scallops, Clams)၊ ရေငန်ပုစွန်(Shrimp)၊ ကင်းမွန်(Squid)၊ ထရောက်ငါး(Trout)၊ ဖလောင်ဒါငါး (ငါးခွေးလျှာငါးမျိုး Flounder)တို့ ဖြစ်ပါသည်။ မာကျူရီဓာတ်အသင့်အတင့် ပါဝင်သော အကန့်အသတ်အတိုင်းအတာဖြင့် စားသုံးရမည့် ငါးမျိုးများမှာ စည်သွတ်ကျူနာ (Canned Tuna-White/ albacore)၊ ငါးလက်ကိုက်/ငါးခွေးကဲ့သို့ ငါးကင်(Halibat steak)၊ ကျူနာငါးကင် (Tuna Steak) တို့ ဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ရယူရန် အစီအစဉ်ရှိသည့်အမျိုးသမီးများ၊ ကလေးအမေများနှင့်ကလေးငယ်များသည် အကန့်အသတ် အတိုင်းအတာဖြင့် စားသုံးရမည့်ငါးမျိုးများကို ရက်သတ္တတစ်ပတ်လျှင် တစ်နပ်သာစားသုံးပါက ဘေးအန္တရာယ်ကင်းနိုင်ပြီး မာကျူရီဓာတ်နည်းသော (ရေငန်ပုစွန်၊ စည်သွတ်ကျူနာ၊ ဆယ်လ်မွန်ငါး၊ ပိုလော့ငါးနှင့်ငါးခူ) ငါးများကို ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်စားသုံးနိုင်ပါသည်။

အကြံပြုရလျှင် အိုမီဂါ-၃ ဓာတ် မြင့်မားစွာပါပြီး မာကျူရီဓာတ်ပါဝင်မှုနည်းသောငါးကို စားပါ။ သေးငယ်ပြီးငယ်ရွယ်သောငါးကိုစားပါ။ အခြားငါးများကို မစားသောငါးကို ရွေးချယ်စားပါ။ အရွယ်ကြီးပြီး အသားစားသော ငါးမျိုးများသည် မာကျူရီဓာတ် ပိုမိုစုဆောင်းပါရှိနိုင်သောကြောင့် ဖြစ်ပါသည်။

မည်သည့် ငါးမျိုးများကိုရှောင်စားရမလဲ

အမေရိကန် FDA မှ အကြံပြုထားသည်မှာ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ရယူရန် အစီအစဉ်ရှိသည့်အမျိုးသမီးများ၊ ကလေးအမေများနှင့် အသက် ခုနစ်နှစ်အောက် ကလေးငယ်များသည် မာကျူရီဓာတ်မြင့်မားစွာပါရှိသော ငါးများဖြစ်သည့် ငါးကွမ်းရှပ် (king mackerel)၊ ငါးဂဠုန်(Swordfish)၊ ငါးမန်း (Shark)၊ ငါးပါးနီ (Golden snapper) တို့ကိုစားသုံးခြင်းအား ရှောင်ရှားရမည်ဖြစ်ပါသည်။ အရွယ်ရောက်သူများနှင့် အသက် ခုနစ်နှစ်အထက် ကလေးငယ်များသည် မာကျူရီဓာတ် မြင့်မားစွာပါရှိသောငါးများကို ရက်သတ္တတစ်ပတ်လျှင် တစ်နပ်စားသုံးပါက ဘေးကင်းနိုင်ပါသည်။ မာကျူရီဓာတ်မြင့်မားသော ငါးများကိုစားပါက ကျန်းမာစေသော အိုမီဂါ-၃ ဓာတ်၏အကျိုးအာနိသင်ကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။

အခြားသောရေထွက်ကုန်ငါးများကိုရော ဘယ်လိုစားနိုင်ပါသလဲ

စည်သွတ်ကျူနာ (Chunk light tuna) သည် ကျူနာငါးအသားတုံး (Solid white or chunk white tuna) ထက် မာကျူရီဓာတ်ပါဝင်မှုနည်းသဖြင့် စားသုံးရန် ဘေးဥပဒ်ကင်းပါသည်။ တစ်နပ်လျှင် စည်သွတ်ကျူနာ (Chunk light tuna) (၆-၈) အောင်စ စားနိုင်ပြီး ရက်သတ္တပတ် တစ်ပတ်လျှင် နှစ်ကြိမ်အထိစားနိုင်ပါသည်။ ကျူနာငါးအစိမ်း (သို့မဟုတ်) ကျူနာငါးအကင်ဆိုပါက ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်သာ စားသင့်ပါသည်။

မွေးမြူရေးရေထွက်ကုန်များဖြစ်သော ငါးခူမျိုးများ၊ တီလားပီးယားငါးများ၊ ရေငန်ပုစွန်နှင့် ယောက်သွားများသည် မာကျူရီဓာတ်နည်းသော ရေထွက်ကုန်များဖြစ်ပါသည်။ ငါးအသားချောင်း၊ အသားညှပ်ပေါင်မုန့်ကဲ့သို့ အမြန်စာ (fish sticks, fast food sandwiches)၊ အခြားသော အေးခဲငါးများ၊ ပေါင်မုန့်ကပ် ရေထွက်ကုန်များသည် မည်သူမဆို စားသုံးရန်ဘေးကင်းပြီး ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်အထိ စားသုံးနိုင်ပါသည်။ သို့သော် အဆိုပါ ရေထွက်ကုန်များသည် အိုမီဂါ-၃ အဆီအက်စစ်မြင့်မားစွာမပါရှိဘဲ အဆီဓာတ်နှင့်ကယ်လိုရီဓာတ်များပါဝင်မှုများပါသည်။ ဂဏန်းနှင့်ကျောက်ပုစွန်အသားတုများသည် မည်သူမဆိုစားသုံးရန် ဘေးကင်းပါသည်။ ပင်လယ်စာ(သို့မဟုတ်) ခုံးတို့နှင့် ဟင်းသီးဟင်းရွက်များ ကျိုထားသော ဟင်းချိုပြစ်ပြစ် (Seafood chowder and clam chowder) များသည် မည်သူမဆိုစားသုံးရန် ဘေးကင်းပါသည်။

ရက်သတ္တတစ်ပတ်လျှင်စားသုံးရန် အကြံပြုထောက်ခံထားသော ပမာဏထက် ပိုစားပါက ဘာဖြစ်နိုင်ပါသလဲ

သင့်ကျန်းမာရေးအတွက် အကျိုးရှိစေမည့် စားသုံးရန်သင့်တော်သော ငါးပမာဏသည် သင်၏ အသက်၊ နှလုံးကျန်းမာရေးအခြေအနေနှင့် သင်စားသုံးမည့် ငါးမျိုးအပေါ် မူတည်ပါမည်။ အကယ်၍ သင်သည် ရက်သတ္တတစ်ပတ်လျှင် စားသုံးရန် အကြံပြုထောက်ခံထားသော ပမာဏထက်ပိုစားလိုပါက သင့်အတွက် အသင့်တော်ဆုံးဖြစ်မည့် ငါးမျိုးကို ရွေးချယ်နိုင်ရန် ဆရာဝန်နှင့် တိုင်ပင်ရမည် ဖြစ်ပါသည်။

ပင်လယ်စာငါးများကို မည်ကဲ့သို့ အကောင်းဆုံး ချက်ပြုတ်ပြင်ဆင်စားသုံးသင့်ပါသလဲ

ပင်လယ်စာသည်သဘာဝအားဖြင့် အာဟာရဓာတ်ပြည့်ဝစွာပါဝင်ပြီး အဆီနှင့်ကယ်လိုရီဓာတ် နည်းပါးစွာပါဝင်ပါသည်။ (စားမည့်ငါး ၆ အောင်စတွင် ကယ်လိုရီဓာတ် ၁၈၀-၂၀၀ ကယ်လိုရီပါရှိ ပါသည်။) ပင်လယ်စာ၏ အာဟာရအကျိုးရှိမှုကို မပျက်စီးစေရန် အဆီအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ သင်ရွေးချယ်စားသုံးရန် အရေးကြီးပါသည်။ ပင်လယ်စာ၏ ကျန်းမာရေးအကျိုးရှိမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ချက်ပြုတ်သည့်နည်းလမ်းများသည် အရေးကြီးပါသည်။

ငါးတစ်ကိုယ်လုံးတွင် မာကျူရီဓာတ်များ တွေ့ရှိရပါသဖြင့် သန့်စင်ခြင်းနည်းစနစ်များသည် ငါးဟင်းတွင်ပါဝင်သော မာကျူရီပမာဏကို လျှော့ချနိုင်လိမ့်မည်မဟုတ်ပါ။ ငါးကိုဖုတ်ခြင်း (Baking)၊ မီးကင်ခြင်း (Broiling)၊ ရေနွေးဖြင့်ပြုတ်ခြင်း (Poaching)၊ ပေါင်းခြင်း (Steaming)၊ ကင်ခြင်း(Grilling)၊ မိုက်ကရိုဝေ့ဖြင့်ချက်ခြင်း (microwaving)၊ ထောပတ်(သို့မဟုတ်) ဆီအနည်းငယ်ဖြင့်ကြော်ခြင်းတို့သည် သင်၏ဟင်းပွဲတွင်

စာမျက်နှာ ၁၁ သို့

- **အရွယ်ရောက်သူများအနေဖြင့် ငါးကို ရက်သတ္တတစ်ပတ်လျှင် ၁၂ အောင်စ၊ ၆ အောင်စ နှစ်ကြိမ်စားသုံးသင့်ပြီး ငယ်ရွယ်သူကလေးများအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ၆ အောင်စ၊ ၃ အောင်စ နှစ်ကြိမ် စားသုံးသင့်**
- **အမေရိကန် FDA မှ အကြံပြုထားသည်မှာ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ရယူရန် အစီအစဉ်ရှိသည့်အမျိုးသမီးများ၊ ကလေးအမေများနှင့် အသက်ခုနစ်နှစ်အောက် ကလေးငယ်များသည် မာကျူရီဓာတ်မြင့်မားစွာပါရှိသော ငါးများဖြစ်သည့် ငါးကွမ်းရှပ် (king mackerel)၊ ငါးဂဠုန်(Swordfish)၊ ငါးမန်း (Shark)၊ ငါးပါးနီ (Golden snapper) တို့ကို စားသုံးခြင်းအား ရှောင်ရှားရမည်**

ပဲခူးမြို့၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး ပညာပေးဆိုင်းဘုတ်စိုက်ထူ

ပဲခူး မေ ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ တောင်ငူလမ်းနှင့် ဆေးရုံလမ်းထောင့်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့အား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူလေးများက ဘင်ခရာတီးခတ်ခြင်းနှင့် ပန်းဖွားအကဖြင့် ကပြကြိုဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်တို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကျောင်းဖွင့်ရာသီ၌ ကျောင်းနေအရွယ်ကလေးများ ရာနှုန်းပြည့်ကျောင်းအပ်နှံနိုင်ရေးဆွေးနွေး

ညောင်တုန်း မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မအူပင်ခရိုင် ပညာရေးမှူး ဒေါက်တာသန္တာဆွေက ကျောင်းနေအရွယ်ကလေးများ ရာနှုန်းပြည့် ကျောင်းအပ်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းများ ဖွင့်လှစ်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မိုးစပါး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး သမဝါယမအသင်းသားတောင်သူများအား အသိပညာပေး

နေပြည်တော် မေ ၁၇

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် မေ ၁၅ ရက်က ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာဓမ္မာရုံ၌ သမဝါယမအသင်း လေးသင်းရှိ အသင်းသား တောင်သူ ၃၁ ဦး၊ ဌာနဝန်ထမ်း ၁၅ ဦးနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြောက်လွတ်ကုန်းကျေးရွာရှိ ဓမ္မာရုံ၌ သမဝါယမ အသင်းသုံးသင်း၊ အသင်းသား တောင်သူ ၄၀ နှင့် လည်းကောင်း မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းပညာများ ဆွေးနွေးပေးခြင်း၊ "AI Application" နည်းပညာ Software ကို တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသား တောင်သူများကလည်း ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ သိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြသည်။

မျိုးသီဟ (ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ကျရောက်ချိန် အရေးပေါ်တုံ့ပြန်နိုင်ရန် သရုပ်ပြ

ကြံခင်း မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၁၅ ရက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည်။

မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော် ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရှေ့ပြေးဆေးအဖွဲ့၊ ကွပ်ကဲရေးအဖွဲ့၊ ကုသရေးအဖွဲ့၊ လူနာလွှဲပြောင်းကုသရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များဖွဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ နှင့် ကျန်းမာရေးဝန်ထမ်းများက သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ဝါးခယ်မမြို့နယ်၌ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရန် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့

ဝါးခယ်မ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် အခြားသောအန္တရာယ်များ ကျရောက်လာပါက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်နှင့်အညီ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စုအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားရှိကြောင်း သိရသည်။

"မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးတပ်စုကို တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးနဲ့ ဖွဲ့စည်းထားပြီးတော့ ဘယ်လို အရေးပေါ်အခြေအနေမျိုးဖြစ်ဖြစ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်အောင် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းတွေနဲ့အတူ ၂၄ နာရီ အချိန်ပြည့် အသင့်စုဖွဲ့ထားရှိပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးက ပြောကြားသည်။ **လွမ်းသီဟ(ဝါးခယ်မ)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

စာမျက်နှာ ၁၀ မှ

အဆီဓာတ်ပါဝင်မှု အနည်းဆုံး ဖြစ်စေပါလိမ့်မည်။

ငါးအမျိုးမျိုးအတွက် တစ်ခုသောစံပြချက်နည်းတစ်ရပ်မှာ အထူတစ်လက်မရှိသော ငါးအသားလွှာကို အပူချိန် ၄၀၀ ဒီဂရီဖြင့် ၁၀ မိနစ်ကြာ ဖုတ်ခြင်း(Baking) ဖြစ်ပါသည်။ ငါးကိုချက်ပြုတ်ရာတွင် ဆီများများဖြင့် ကြာမြင့်စွာကြော်ပြီး ခရင်ဆော့ဖြင့်စားမည်ဆိုပါက သင်၏ဟင်းပွဲတွင် အဆီဓာတ်နှင့် ကယ်လိုရီဓာတ်မြင့်စေမည် ဖြစ်ပါသည်။

အရည်အသွေးကောင်းသောအေးခဲငါးကို မည်ကဲ့သို့ရွေးချယ်နိုင်မည်နည်း

အေးခဲငါးများ၏ ထုပ်ပိုးထားသောအရာများသည် ပျက်စီးမနေရပါ။ အေးခဲငါးများ၏ အထုပ်အပိုးအပေါ်၌ ရေခဲမှုန်များနှင့် နှင်းခဲမှုန်များဖုံးနေပါက မဝယ်ပါနှင့်။ အဆိုပါ ငါးများသည် ရက်ကာလရှည်ကြာစွာ သိုလှောင်ထားသောငါးများ (သို့မဟုတ်) အရည်ဖျော်ပြီး ပြန်လည်အေးခဲထားသောငါးများဖြစ်ပါသည်။ လတ်ဆတ်သောငါးအသားလွှာ၏အရောင်သည် အမျိုးမျိုးဖြစ်နေသော်လည်း များသောအားဖြင့် အရောင်ညီစွာဖြင့် တောက်ပနေပြီး အစွန်းဘက်များ၌ အဝါရောင် (သို့မဟုတ်) မြေဖြူရောင်သန်းမနေပါ။ ငါးအသားလွှာများသည် စိုစွတ်၍ တင်းမာနေရမည်ဖြစ်ပြီး လတ်ဆတ်သောအနံ့ဖျော့ဖျော့ဖြစ်နေရပါမည်။ ငါးညှီနံ့ စူးစူးဝါးဝါး ဖြစ်မနေရပါ။

အိမ်၌ မည်ကဲ့သို့ ငါးများကို သိုလှောင်ထားရပါမည်နည်း

ငါးများကိုနေရောင်ခြည်အောက်၌ တိုက်ရိုက်မထားဘဲ ရေခဲအပေါ်၌ထားရှိရပါမည်။ လတ်ဆတ်သောငါးများ (သို့မဟုတ်) အေးခဲသောငါးများကို နှစ်ရက်အတွင်း ချက်ပြုတ်စားသောက်ရပါမည်။ ငါးကိုအေးခဲခန်းဖြင့်ဆိုလျှင် သုံးလအထိ သိုလှောင်ထားနိုင်ပါသည်။ ချက်ပြုတ်ပြီးသောငါးကို ရေခဲသေတ္တာအတွင်း၌ (၃-၄) ရက်ကြာ သိုလှောင်ထားနိုင်ပြီး အေးခဲအခန်း၌ဆိုပါက တစ်လကြာ သိုလှောင်ထားနိုင်ပါသည်။

ရည်ညွှန်းချက်- LOUISIANA DEPARTMENT OF HEALTH and HOSPITAL
www.seet.dhh.louisiana.gov

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

ကျိုက်မရော မေ ၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(YMBA) ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၅) ကြိမ်မြောက် စိန်ရတု အထိမ်းအမှတ်၊ (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျိုက်မရော မြို့နယ်မှ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၁၇ ရက်က ရသေ့ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ငပြေမဆရာတော်က ငါးပါးသီလ ချီးမြှင့်၍ ပြည်နယ် (YMBA)အသင်း ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးကြည်သိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ် YMBA အသင်း ဥက္ကဋ္ဌ ဦးအေးအောင်က အမျိုးဘာသာ သာသနာ ပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ သုံးထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးဇော်မင်း ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၇ ရက်တွင် ဆောင်ရွက်စဉ်။

ဇေယျာ (မြောင်းမြ)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာပညာသင်ကြားနိုင်ရေး နှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ လည်းကောင်း အခြေခံပညာကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသားများ လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၁၇

နေပြည်တော် ကောင်စီနယ်မြေသို့ရောက်ရှိနေသော အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားနည်းပြ/အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေတွင် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ကြီးနှင့် သံဝေဇနီယလေးဌာနသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၇ ရက်အထိ သေဆုံးသူ ၃၇၂၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၃ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လောကမှန်ကူသိဒ္ဓိရှင် ဆုတောင်းပြည့်ဘုရားကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေများ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးပစ္စည်းများ ထားရှိမှုအခြေအနေများအား မေ ၁၆ ရက်က စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

မှော်ဘီမြို့နယ် ကျောက်ကာကွင်းကျေးရွာရှိ သံဃာတော်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု ကျောက်ကာကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်နှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၆၃ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာတွင် ပြည်သူများ လက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဝယ်ယူသူ ၅၂ ဦးရှိပြီး ဘိလပ်မြေ ၂၁၇၇ အိတ် ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပညာရေးနှင့် ဆန်းသစ်တီထွင်ရေးလုပ်ငန်းများကို အဓိကထောက်ပံ့ရန်ရည်ရွယ်၍ ဗီယက်နမ်အမျိုးသားလွှတ်တော် ဘတ်ဂျက်ပြင်ဆင်

ဟနွိုင်း မေ ၁၇

ဗီယက်နမ် အမျိုးသားလွှတ်တော်သည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ပညာရေးနှင့် ဆန်းသစ်တီထွင်ရေးလုပ်ငန်းများကို အဓိကထောက်ပံ့ရန်ရည်ရွယ်သည့် ၂၀၂၅ ခုနှစ်အတွက် နိုင်ငံတော် ဘဏ္ဍာငွေစာရင်းကို ပြင်ဆင်ဖြည့်စွက်ရန် သဘောတူညီချက်တစ်ရပ်ကို မေ ၁၇ ရက်တွင် အတည်ပြုလိုက်သည်။

အတည်ပြုထားသောအစီအစဉ်များတွင် အစိုးရ၏စီမံ အုပ်ချုပ်မှုပုံစံများ ချောမွေ့စေရန် ပြုပြင်ပြောင်းလဲများကြောင့် ထိခိုက်နစ်နာခဲ့သည့် အရာရှိများ၊ အစိုးရဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများအား လျော်ကြေးပေးရန် ဗီယက်နမ်ဒေါင် ၄၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့်) ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုလည်း ပါဝင်သည်။

ဗီယက်နမ် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ကျောင်းလခကင်းလွတ်ခွင့်အတွက် ဗီယက်နမ် ဒေါင် ၆ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၅၄ သန်း) သီးသန့် သတ်မှတ်ထားသည်။ ၂၀၂၅ ခုနှစ် နိုင်ငံတော်ဘဏ္ဍာငွေအားလုံး၏ သုံးရာခိုင်နှုန်းကို သိပ္ပံနှင့်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းများအတွက် အသုံးပြုရန် သတ်မှတ်ထားသည်။

ဆင်ဟွာ

တရုတ်နိုင်ငံ၌ မြူထူထပ်နေမှုအတွက် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်

ပေကျင်း မေ ၁၇

တရုတ်နိုင်ငံ၏ အချို့နေရာများတွင် မြူထူထပ်နေသည့်အတွက် နိုင်ငံ၏ အမျိုးသားစောင့်ကြည့်ရေးဌာနက အဝါရောင်အဆင့် သတိပေးချက်ကို မေ ၁၇ ရက် နံနက်ပိုင်းက အသစ်ထပ်မံထုတ်ပြန်ထားသည်။

ကျန်းစု ပြည်နယ်နှင့် ကျီကျန်းပြည်နယ် ကမ်းရိုးတန်းဒေသများနှင့်ရှန့်ဟိုင်းဆိပ်ကမ်းတို့တွင် မေ ၁၇ ရက် နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မြူထူထပ်နေပြီး မြင်နိုင်စွမ်းအားမှာ တစ်ကီလိုမီတာအောက် လျော့ကျနေသည်ဟု အမျိုးသားမိုးလေဝသစင်တာက ပြောသည်။ စန်းတုံး၊ ကျန်းစု ၊ ကျီကျန်း ၊ အန်းဟွေ့ ၊ ကျန်းရှီး ဒေသတို့ရှိ အချို့နေရာများ၌ မြင်နိုင်စွမ်းအားမှာ မီတာ ၂၀၀ အောက် လျော့ကျနေသည်။

လေဆိပ်များ၊ အဝေးပြေးလမ်းများနှင့်ဆိပ်ကမ်းများကို သင့်လျော်သော ဘေးကင်းရေးအစီအမံများ ပြုလုပ်ရန် ညွှန်ကြားထားပြီး ဘေးကင်းလုံခြုံစိတ်ချရသော အမြန်နှုန်းဖြင့်သာ မောင်းနှင်ရန် ယာဉ်မောင်းများကို ညွှန်ကြားထားသည်။ အတွင်းမွန်ဂိုလီးယား၊ ဟယ်ပေ၊ ပေကျင်းတို့တွင် မေ ၁၇ ရက် နံနက် ၈ နာရီမှ မေ ၁၈ ရက် နံနက် ၈ နာရီအထိ လေပြင်းများ တိုက်ခတ်နိုင်သည့်အတွက် အပြာရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားသည်။

လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၂၈ ဒသမ ၄ မီတာ အထိရှိသည်။ တရုတ်နိုင်ငံ၌ ပြင်းထန်သောရာသီဥတုအတွက် ရောင်စုံသတိပေးစနစ် လေးမျိုးရှိပြီး အနီရောင်သည် အပြင်းထန်ဆုံးဖြစ်ကာ ယင်းနောက်တွင် လိမ္မော်၊ အဝါနှင့် အပြာတို့ ဖြစ်သည်။ ဆင်ဟွာ

ပါလက်စတိုင်းတစ်သန်းကို လစ်ဗျားသို့ ရွှေ့ပြောင်းရန် အမေရိကန် စီစဉ်

ဂါဇာ မေ ၁၇

ပါလက်စတိုင်းတစ်သန်းကို ဂါဇာကမ်းမြောင်မှ လစ်ဗျားသို့ အမြဲတမ်း နေရာရွှေ့ပြောင်းရန် အစီအစဉ်ကို သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က လုပ်ဆောင်နေကြောင်းအမေရိကန်ရုပ်သံ အင်န်ဘီစီသတင်းက ဖော်ပြသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် မွမ်မာအယ်လ်ကဒါဖီ၏ အာဏာရှင်စနစ် ပြိုလဲပြီးနောက် အရှေ့ပိုင်းနှင့် အနောက်ပိုင်း ကွဲပြားပြီး မငြိမ်မသက် ဖြစ်နေခဲ့သည်။ ပါလက်စတိုင်းများကို ပြန်လည်နေရာချထားရေးအတွက် အလဲအလှယ်အနေဖြင့် ထရမ့်အစိုးရက လစ်ဗျားနိုင်ငံ၏ ရန်ပုံငွေ ဒေါ်လာ ဘီလီယံပေါင်း များစွာကို ပြန်လည်အသုံးပြုခွင့်ပေးနိုင်ဖွယ်ရှိကာ အဆိုပါအစီအစဉ်ကိုလည်း အပြီးသတ် သဘောတူညီမှု ရရှိခြင်း မရှိသေးဟုလည်း သတင်းများ ထွက်ပေါ်လာသည်။

လူပေါင်း တစ်သန်းအထိ ပြန်လည်နေရာ ချထားရေး ကြိုးပမ်းမှုသည် အလွန်ကုန်ကျစရိတ် များပြားနိုင်သကဲ့သို့ အတားအဆီးများစွာကိုလည်း ရင်ဆိုင်ရဖွယ်ရှိသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဂါဇာကမ်းမြောင်ကို အမေရိကန်က ပိုင်ဆိုင်မှုရယူပြီး ဒေသခံများ ကို အခြားနေရာသို့ ပြောင်းရွှေ့ ကာ နယ် မြေပြန် လည် တည်ဆောက်မည်ဟု ဖေဖော်ဝါရီလက ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကြောင့် အီဂျစ်၊ ဂျော်ဒန်နှင့် အခြားနိုင်ငံများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ဂါဇာတွင် နေထိုင်သူများကို လစ်ဗျားသို့ ပြောင်းရွှေ့ရန် အစီအစဉ်သည်လည်း အာရပ်နိုင်ငံများ၏ ကန့်ကွက်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ

ဂါဇာ၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် မိုးကြိုးပစ်ခံရမှုကြောင့် အနည်းဆုံး ၁၄ ဦး သေဆုံး၊ အများအပြားဒဏ်ရာရ

နယူးဒေလီ မေ ၁၇

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုဒစ်ဆာပြည်နယ်၌ မေ ၁၆ ရက်က မိုးကြိုးပစ်မှုကြောင့် အနည်းဆုံး ၁၄ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၇ ရက်တွင် ပြောကြားသည်။

မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများ ကျရောက်မှုကြောင့် ပြည်နယ်အတွင်း ကိုရာပူရ်၊ ဂျာပူရ်၊ ဒန်ကန်နယ်၊ မေယုရ်ဘာဟန်း၊ ဂန်ဂျမ်နှင့် ဂါဂျာပတီအပါအဝင် ခရိုင်အများအပြားတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ပြည်နယ်အတွင်း မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားသည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ် မုတ်သုံရာသီစတင်ချိန်နှင့် မိုးကြိုးပစ်ခြင်းကြောင့် လူရာနှင့်ချီ သေဆုံးလေ့ရှိသည်။ ဆင်ဟွာ

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့နှင့် နျူကလီးယားအစီအစဉ် အီရန်ဆွေးနွေး

တီဟီရန် မေ ၁၇

အီရန်နိုင်ငံသည် အမေရိကန်နှင့်ဆွေးနွေးနေသည့် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့်ပါ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ အဆိုပါနိုင်ငံများမှ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများနှင့် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၁၆ ရက်က တွေ့ဆုံခဲ့ကြကြောင်း၊ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

သံတမန်ရေးရာကို အကောင်းဆုံးအသုံးချရန် စိတ်ပိုင်းဖြတ်ထားပြီး မကြာမီ ထပ်မံတွေ့ဆုံကြမည်ဟု ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရီဘာဘာဒီက လူမှုကွန်ရက်မီဒီယာတွင် ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ်က အီရန်နျူကလီးယားအစီအစဉ်ကို လျှော့ချပြီး ပိတ်ဆို့ထားမှုများဖယ်ရှားပေးရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတ သက်တမ်းအတွင်း အမေရိကန်သည် အဆိုပါစာချုပ်မှ နုတ်ထွက်ခဲ့သည်။ ယင်းနောက် အီရန်သည် ၎င်း၏နျူကလီးယားလုပ်ဆောင်မှုများကို အရှိန်တိုးမြှင့်ခဲ့သည်။ အကယ်၍ အီရန်က သဘောတူညီချက်ကို ချိုးဖောက်ခဲ့လျှင် ကုလသမဂ္ဂ၏ပိတ်ဆို့အရေးယူမှုများကို ပြန်လည်လုပ်ဆောင်နိုင်စေမည့် ယန္တရားတစ်ခုကို ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့က လုပ်ဆောင်နိုင်သည်ဟု ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

ဗန်ကောက်မြို့ရှိ အထပ်မြင့်အဆောက်အအုံ ပြိုကျမှုကြောင့် လူပေါင်း ၁၇ ဦးကို ထိုင်းရဲတပ်ဖွဲ့ ဖမ်းဝရမ်းထုတ်

ဗန်ကောက် မေ ၁၇

ဗန်ကောက်မြို့၌ အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်မှုနှင့် ပတ်သက်ပြီး စွပ်စွဲခံထားရသည့် ၁၇ ဦးအား ထိုင်းရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်လိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အဆိုပါ အထပ်မြင့် အဆောက်အအုံမှာ မတ်လနှောင်းပိုင်းက လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သော ငလျင်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၉၂ ဦးခန့် သေဆုံးခဲ့သည်။ ဖမ်းဝရမ်းကို မေ ၁၅ ရက်က ထုတ်ပြန်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဝရမ်း ထုတ်ခံရသူများတွင် ထိုင်းနိုင်ငံ၏ အကြီးမားဆုံး ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တစ်ဦးအပြင် တရုတ်နိုင်ငံပိုင် ကုမ္ပဏီကြီးတစ်ခု၏ ဒေသတွင်း လက်အောက်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိတစ်ဦး ပါဝင်ကြောင်း၊ ဘေးကင်းရေး စံချိန်စံနှုန်းများနှင့် မကိုက်ညီသည့် အဆောက်အအုံကို ဆောက်လုပ်မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိသူများကို စွပ်စွဲထားသည်။

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများမှာ အဆောက်အအုံဆောက်လုပ်ရာတွင် အရည်အသွေးမမီသော ကွန်ကရစ်နှင့် သံမဏိတို့ကို အသုံးပြုထားကြောင်း တွေ့ရှိသည်ဟု ပြောသည်။ ဖမ်းဝရမ်းထုတ်ခံရပြီးနောက် သံသယရှိသူအများစုမှာ ရဲတပ်ဖွဲ့ထံ လာရောက် အဖမ်းခံခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

ဒုတိယဝန်ကြီး ဦးမြင့်စိုး တောင်ကြီးမြို့ရှိ သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းအုပ်၊ ဆရာ ဆရာမများ၊ လက်ရက်ကန်း ခြောက်လသင်တန်း တက်ရောက်နေသော သင်တန်းသူ သင်တန်းသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး သင်တန်းသူများ လက်တွေ့ဆောင်ရွက်နေသည့် လက်ရက်ကန်းဖြင့် ပအိုဝ်းခေါင်းပေါင်း၊ ဓနုလုံချည်နှင့် ဒေသခံတိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုကိုလည်းကောင်း၊ စက်ရက်ကန်းရက်လုပ်ခြင်း၊ ချားပုတ်ခြင်း၊ ချည်ချခြင်းနှင့် ဂျပ်ခုတ်လုပ်ငန်း လက်တွေ့သင်ယူနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။(ယာပုံ)

ယင်းနောက် ကျောင်းသူ အိပ်ဆောင်နှင့် စားရိပ်သာသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေး ပညာသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်နှင့် ဆရာ ဆရာမများကို တွေ့ဆုံကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်တန်း ပြီးဆုံးသွားသော ကျောင်းသား ကျောင်းသူများထဲမှ သမဝါယမ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့် မရသည့် ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ချိတ်ဆက်ရှာဖွေဆောင်ရွက်ပေးရေး မှာကြားပြီး သင်တန်းနည်းပြ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများနှင့် ကျောင်းသား ကျောင်းသူများအတွက် ရေချိုးခန်းသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ချိန်၌ ထိခိုက်မှုဖြစ်ပေါ်ခဲ့သော သင်တန်းခန်းမ နံရံအက်ကွဲမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာအင်ဂျင်နီယာအဖွဲ့၏ လိမ္မော်ရောင်အဆင့် သတ်မှတ်ချက်အရ ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းများကို တွက်ချက်တင်ပြရန်၊ ပြန်လည်ပြင်ဆင်နေစဉ်ကာလအတွင်း သင်တန်းသား သင်တန်းသူများ ယာယီပြောင်းရွှေ့သင်ကြားမည့်နေရာကို သတ်မှတ်ပြင်ဆင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၄၇ ရက်မြောက် လှည့်လည်ရောင်းချ

နေပြည်တော် မေ ၁၇
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၇ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မေ ၁၇ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၆၂ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃ အိတ်၊ ဆီပိသာ ၁၇၆၀၊ ဆား ၉ ပိသာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် အထုပ် ၆၀၊ ငါးပိ ၂ ပိသာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၂၆ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သား ပါ ၂၄ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၂၂ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သားပါ ၂၅ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ကြက်ဥအလုံး ၅၅၀၊ ဘဲဥအလုံး ၈၀၊ ခေါက်ဆွဲခြောက် ၁၄ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် မေ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မေ ၁၇ ရက်တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) လေးအိတ်၊ စားအုန်းဆီ ပိသာ ၅၀၊ ဆား သုံးပိသာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ တစ်ပိသာ၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၆၀၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ငါးပိသာနှင့် အသားတု နှစ်ပိသာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၈ အိတ်၊ စားအုန်းဆီပိသာ ၂၂၀၀၊ ဆား နှစ်ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ သုံးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ တစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား တစ်ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ ကြက်ဥအလုံး ၂၂၈၀၊ ဘဲဥအလုံး ၅၇၀ နှင့် ခေါက်ဆွဲခြောက်အထုပ် ၃၀ တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဉ္စမအကြိမ် MBC Professional Boxing ပြိုင်ပွဲများကျင်းပ

ခြောက်ချီတွဲဆိုင်းပြိုင်ပွဲတွင် ဇော်ဇော်နိုင်နှင့် အောင်လင်းသန့်တို့ ယှဉ်ပြိုင်စဉ်။

ရန်ကုန် မေ ၁၇
Myanmar Boxing Commission (MBC)မှကျင်းပသော Professional Boxing Matches-5 ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ လေးချီတွဲဆိုင်း ခြောက်ဆိုင်း၊ ခြောက်ချီတွဲဆိုင်း တစ်ဆိုင်း ကျင်းပသည်။

လေးချီပြိုင်ပွဲများ၌ ရဲဝဏ္ဏအောင်နှင့် ရဲရင့်တို့ ပြိုင်ပွဲတွင် သူတစ်ပြန် ကိုယ်တစ်ပြန်ထိမိကြသော်လည်း ဒိုင်ဆုံးဖြတ်ချက်ဖြင့် ရဲရင့်ကို အမှတ်ဖြင့်အနိုင်ပေးလိုက်ပြီး ဇိုင်းဒန့်အောင်က ရှင်းသန့်နိုင်ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိခဲ့သည်။

ထို့ပြင် ကောင်းထက်ဇော်နှင့် ဟိန်းထွဋ်အောင်တို့ ပြိုင်ပွဲတွင် နှစ်ဦးစလုံး လက်ရည်တူကာ ဒိုင်ဆုံးဖြတ်ချက်ဖြင့် ဟိန်းထွဋ်အောင်ကို အနိုင်ပေးလိုက်သည်။ ရှိုင်းမင်းထွန်းနှင့် အားရောတို့ ပြိုင်ပွဲတွင် တစ်ဦးနှင့် တစ်ဦး ထိချက်များတူညီကြရာ ပူးတွဲသရေကျခဲ့သည်။ ယင်းနောက် မျိုးဝင်းနိုင်နှင့် ကျော်သူရ၊ သီဟအောင်နှင့် မျိုးခန့်ကျော်တို့ပြိုင်ပွဲတွင် အချီပြည့် ထိုးကြသော်လည်း ဒိုင်သုံးဦးရှိသည့်အနက် နှစ်ဦးက မျိုးဝင်းနိုင်နှင့် သီဟအောင်တို့ကို အနိုင်ပေးလိုက်သည်။

ခြောက်ချီပွဲ ပြိုင်ပွဲတွင် ဇော်ဇော်နိုင်နှင့် အောင်လင်းသန့်တို့ပြိုင်ပွဲ၌ ပထမအချီနှင့် ဒုတိယအချီတွင် သူတင်ကိုယ်တင် ထိုးကြကာ တတိယအချီတွင် ဇော်ဇော်နိုင် လက်သီးတွဲလုံးများကြောင့် အောင်လင်းသန့် အမှတ်စဉ်နှစ်ကြိမ်ရေခံရပြီး ဇော်ဇော်နိုင် လက်သီးများကြောင့် အောင်လင်းသန့်ကို အလဲထိုး အနိုင်ရရှိသွားသည်။

မြန်မာလက်ဝှေ့ ကော်မရှင် (MBC) ၏ ဆောင်ရွက်မှုဖြင့်WBC (ကမ္ဘာ့ဘောက်ဆင်ကောင်စီ) နှင့် OPBF(အာရှပစိဖိတ်ဘောက်ဆင်အဖွဲ့ချုပ်) တို့မှ ပေးအပ်မည့် ချန်ပီယံခါးပတ်များတွင် မြန်မာနိုင်ငံတော်အလံ ပါဝင်လာပြီဖြစ်ကြောင်း သိရသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာဘောက်ဆင် ကော်မရှင်ကို ၂၀၂၄ ခုနှစ်တွင် ဖွဲ့စည်းပြီး ပြည်တွင်းတွင်ပရော်ဖက်ရှင်နယ်ဘောက်ဆင်ပြိုင်ပွဲများ ကျင်းပခဲ့သလို ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂျပန်ဘောက်ဆင်ကော်မရှင်၏ WBC ပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် OPBF ပြိုင်ပွဲများတွင်လည်း မြန်မာပရော်ဖက်ရှင်နယ် ဘောက်ဆင်သမားများ သွားရောက် ယှဉ်ပြိုင်နေပြီဖြစ်သည်။

အာကာစိုး

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့။

မြန်မာနွားမျိုးများ၏ ပြင်ပဝိသေသ လက္ခဏာများ

အဇ္ဈမား

“ အခြေခံအားဖြင့် ဒေသနွားမွေးမြူရေးတွင် မိုးရေ ဆည်မြောင်းနှင့် စိုက်ခင်းဧရိယာများအပေါ် မူတည်ပြီး ရိတ်သိမ်းထားသော လယ်ယာများတွင် သဘာဝအတိုင်း လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သို့သော်လည်း ပူပြင်းသောဒေသများတွင် ဒေသနွားများ၏ အစာရေစာနည်းပါးလာခြင်းများ ကြုံတွေ့ရနိုင်သောကြောင့် အရည်အသွေး ညံ့ဖျင်းလာသော အစာအရင်းအမြစ်များကို ပိုမိုကောင်းမွန်လာရန်နှင့် ဒေသနွားမွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များနှင့်အညီ မွေးမြူသင့် ”

မြန်မာနိုင်ငံ၏ နွားမွေးမြူရေးလုပ်ငန်းသည် စိုက်ပျိုးရေးကို အထောက်အကူပြုပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည်ဆိုသည်မှာ မှားဖွယ်ရာမရှိပေ။ ထို့ကြောင့် ဒေသနွားမွေးမြူရေးသည် လယ်ယာလုပ်ငန်းများအတွက် အားအင်အရင်းအမြစ်အဖြစ် ကျေးလက်ဒေသများတွင် အဓိကအသုံးပြုကြသည့်အပြင် တောင်သူလယ်သမားမိသားစုများအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။

ဒေသနွားများကို လယ်ယာလုပ်ငန်းများအတွက် စိုက်ပျိုးမြေပြင်ဆင်ခြင်း၊ နွားချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းနှင့် အသားထုတ်လုပ်ရန်အတွက် မွေးမြူကြပါသည်။ ၂၀၂၃ ခုနှစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် နွားကောင်ရေစုစုပေါင်း ၉ ဒသမ ၅၂ သန်းရှိပြီး လယ်ယာလုပ်ငန်းအတွက် အသုံးပြုသောနွားများမှာ ၈ ဒသမ ၈ သန်းနှင့် နို့စားနွားများမှာ ၀ ဒသမ ၇၂ သန်းခန့်ရှိသည်။

မြန်မာတို့သည် နွားမျိုးရိုးစဉ်ဆက်မှတ်တမ်းများ စနစ်တကျမရှိခဲ့သော်လည်း နွားကြန်စုံဆိုသည့် စကားရပ်ပါသည့် **“ရမထာရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ခြေတော်တင် နွားကြန်စုံနှင်။ ပျိုးခင်းကိုဝင် ကောင်းကင်က ရွှေပိန်ညင်းရယ် မိုးခေါ်လို့ဆင်း”** ဆိုသည့် လယ်ထွန်မင်္ဂလာသီချင်းတေးတစ်ပုဒ်ကို ရှေးအခါကပင် ကြားဖူးခဲ့ကြမည်ထင်ပါသည်။ နွားကြန်စုံဆိုသည်မှာ ကြန်စုံခြောက်ကွက်ကို ဆိုလိုပါသည်ဟု ဆရာအောင်စိုးက မြန်မာ့နွားများအကြောင်းတွင် ဖော်ပြထားပါသည်။

အရေးပါသောနွားမျိုးများ

မြန်မာနိုင်ငံ၏ အရေးပါသောနွားမျိုးများမှာ နွားရှေ့နီ၊ နွားပြာစိမ်းနှင့် အခြားမျိုးစိတ်များဖြစ်ပါသည်။ ဒေသနွားမျိုးများ၏ မူလအစကို တရားဝင်မှတ်တမ်းများ မရှိသော်လည်း ၎င်းတို့ကို အမွေးအရောင်အလိုက် နွားနီအုပ်စု၊ နွားပြာအုပ်စု၊ နွားနက်အုပ်စုနှင့် နွားဖြူအုပ်စု စသည်ဖြင့် အုပ်စုလေးစု ခွဲခြားနိုင်ပါသည်။ နွားနီအုပ်စုတွင် နွားနီ၊ နွားရှေ့နီ၊ နွားကျစ်၊ နွားကျစ်နီ၊ နွားကျစ်ကျား၊ နွားနီထိပ်ကွက် စသည်တို့ပါဝင်ပြီး နွားပြာအုပ်စုတွင် နွားပြာစိမ်း၊ နွားပြာခြောက်၊ နွားပြာဝါ၊ နွားပြာကျား၊ နွားပြာထိပ်ကွက်၊ နွားနမ်းတို့ ပါဝင်ပါသည်။ ထို့နောက် နွားနက်အုပ်စုတွင် နွားနက်၊ ဩဇာချိပ်၊ သံရောင်ချိပ်၊ နွားနက်ကျား၊ နွားပြေထန်းသီး၊ နွားပြေသံရောင်တို့ပါဝင်ကြပြီး နွားဖြူအုပ်စုတွင် စာအု၊ စံပယ်ဖြူ၊ စံပယ်၊ စာအုဝါ၊ စာအုကျား၊ စာအုထိပ်ကွက်၊ စာအုပြာ၊ စံပယ်နီတို့ ဖြစ်ကြပါသည်။

နွားရှေ့နီများသည် အများအားဖြင့် အနီရောင်သို့မဟုတ် ရွှေနီရောင်ရှိသော မြန်မာနွားမျိုးရင်းများပင်ဖြစ်ပြီး အများအားဖြင့် မကွေးတိုင်းဒေသကြီးတွင် စီးပွားဖြစ်မွေးမြူကြပါသည်။ နွားထီးကိုယ်လုံးများသည် ကျစ်လျစ်သွယ်လျပြီး တောင့်တင်းပါသည်။ ထင်ရှားသောလက္ခဏာများမှာ ကျယ်ဝန်းသော ရင်ဘတ်၊ ကျောဘက်ဖြောင့်တန်းနေပြီး နံရိုးများကားနေပါသည်။ တောင်သူလယ်သမားများသည် စပါးသီးနှံ၊ ပဲ၊ နှမ်း၊ ပြောင်း၊ ဝါစိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းနွားအဖြစ် အသုံးပြုခြင်း၊ မြန်မာ့ကျေးလက်အလှူများတွင် နားသသည့်အခါ အသုံးပြုသော အလှဆင်လှည်းယဉ်များတွင် တပ်ဆင်အသုံးပြုခြင်းနှင့် အသားစားအဖြစ် စားသုံးရန်စသည့် ရည်ရွယ်ချက်များဖြင့် မွေးမြူထားကြသည်ကို တွေ့ရပါသည်။

နွားပြာစိမ်းသည် လွန်ခဲ့သောဆယ်စုနှစ်များစွာက အိန္ဒိယနွားမျိုးနှင့် ဒေသမျိုးကွဲများကြား မွေးမြူရာမှ ဆင်းသက်လာခဲ့သည့် ဇီဘူးနွားမျိုးများ ဖြစ်ကြပါသည်။ ၎င်း၏ကိုယ်ခန္ဓာသည် မီးခိုးပြာရောင်ဖြစ်ပြီး လူကြိုက်အများဆုံးမျိုးဖြစ်ကာ ခိုင်းနွား၊ နို့စားနွားများအဖြစ် မွေးမြူထားကြောင်း သိရပါသည်။

အခြေခံအားဖြင့် ဒေသနွားမွေးမြူရေးတွင် မိုးရေ၊ ဆည်မြောင်းနှင့် စိုက်ခင်းဧရိယာများအပေါ်

နွားရှေ့နီအထီး

နွားရှေ့နီအမ

နွားပြာစိမ်းအထီး

နွားပြာစိမ်းအမ

မူတည်ပြီး ရိတ်သိမ်းထားသော လယ်ယာများတွင် သဘာဝအတိုင်း လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သို့သော်လည်း ပူပြင်းသောဒေသများတွင် ဒေသနွားများ၏ အစာရေစာနည်းပါးလာခြင်းများ ကြုံတွေ့ရနိုင်သောကြောင့် အရည်အသွေး ညံ့ဖျင်းလာသော အစာအရင်းအမြစ်များကို ပိုမိုကောင်းမွန်လာရန်နှင့် ဒေသနွားမွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များနှင့်အညီ မွေးမြူသင့်ပါသည်။

ထို့အပြင် ဒေသနွားများသည် ပြင်းထန်သော ရာသီဥတုအခြေအနေနှင့် ကူးစက်ရောဂါအမျိုးမျိုးအတွက် ခံနိုင်စွမ်းရှိသည်ကို တွေ့ရသော်လည်း အရည်အသွေးကောင်းမွန်သော တိရစ္ဆာန်မျိုးရိုးဆိုင်ရာ အရင်းအမြစ်များကို ခွဲခြားသတ်မှတ်ရန်နှင့် လက္ခဏာများနှင့် ကိုက်ညီမှု ရှိ မရှိ လေ့လာရန် စသည်တို့အပေါ်တွင် အာရုံစိုက်မှု နည်းပါးနေပါသေးသည်။

မော်လီကျူးနည်းပညာကို အသုံးပြု

မော်လီကျူးနည်းပညာကို အသုံးပြု၍ ဇီဝမော်လီကျူးမျိုးရိုးဗီဇဆိုင်ရာ လက္ခဏာများကို လေ့လာခြင်းသည် မျိုးရိုးဗီဇဆိုင်ရာမျိုးကွဲများအကြားနှင့် မွေးမြူရေးအတွက် အသုံးပြုသောမျိုးများအကြား အများဆုံး အသုံးပြုသောနည်းလမ်းဖြစ်ကြောင်း၊ မြန်မာနွားမျိုးများ၏ မျိုးဗီဇအရင်းအမြစ်များနှင့် တိရစ္ဆာန်သားစပ်ခြင်းနည်းပညာများ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အသုံးပြုသုတေသနဖြစ်သော်လည်း မျိုးဗီဇဆိုင်ရာ သုတေသန အနည်းငယ်သာ ပြုလုပ်နိုင်ပါသေးသည်။

ထို့ကြောင့် သုတေသနပြုသူများသည် တိုင်းတာရလွယ်ကူပြီး ကုန်ကျစရိတ်သက်သာရန် တန်ဖိုးရှိသော သတင်းအချက်အလက်ပေးစွမ်းနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ အခြေခံသော နည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ ထိုလေ့လာမှုမှ ရရှိသော သတင်းအချက်အလက်များသည် တိုင်းဒေသကြီးတွင်းမှသည် မြန်မာတစ်နိုင်ငံလုံးအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်များတွင် တိရစ္ဆာန်မျိုးရိုးဗီဇဆိုင်ရာ အရင်းအမြစ်များကို စီမံခန့်ခွဲရန် အရေးကြီးသောအချက်များအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဒေသနွားမျိုးများ၏ ဇီဝအရင်းအမြစ်များကို ထိရောက်စွာ ထိန်းသိမ်းအသုံးချနိုင်ရန် လိုအပ်သော ဒေသနွားမျိုးစိတ်များ ထိန်းသိမ်းမှုနှင့် အသုံးချမှုနည်းဗျူဟာများကို အကူအညီ ဖြစ်စေပါသည်။

နိုင်ငံတော်၏ စီးပွားရေးသည် တောင်သူလယ်သမားဦးကြီးများ၏ စားဝတ်နေရေးနှင့် တိုက်ရိုက် အချိုးကျနေသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကို အထောက်အကူပြုနေသည့် ဒေသနွားများ၏ မျိုးရိုးဗီဇဆိုင်ရာ အရည်အသွေးကောင်းသော လက္ခဏာများဖြစ်သည့် အမွေးအရောင်၊ နှုတ်သီးအရောင်၊ မျက်တောင်အရောင်၊ ခွာအရောင်၊ နားပုံသဏ္ဌာန်၊ နားဦးတည်ရာဘက်၊ မျက်နှာပုံသဏ္ဌာန်နှင့် ကျောပြင်ဖြောင့်တန်းမှုများကို မှတ်တမ်းတင်နိုင်ပါသည်။ ထို့အပြင် ဒေသနွားတစ်ကောင်ချင်းစီမှ မျိုးရိုးဗီဇဆိုင်ရာ ကိန်းဂဏန်းများဖြင့် တိုင်းတာနိုင်သော အချက်များအနေဖြင့် ကိုယ်အလျား၊ ရင်ဘတ်ပတ်လည်အလျား၊ ခန္ဓာကိုယ်အမြင့်၊ ဦးချိုအလျား၊ နားအလျား၊ မျက်နှာအလျား၊ လည်ပင်းအလျား၊ လည်ပတ်အကျယ်၊ ချက်အကျယ်၊ တင်ပါးအကျယ်၊ သိုပျဉ်းအလျား၊ အမြီးအလျား၊ နှုတ်သီးလုံးပတ်နှင့် နို့တံအလျားတို့ ပါဝင်ပါသည်။

ထင်ရှားသော အမှတ်အသားများ

ထင်ရှားသော အမှတ်အသားများဖြစ်သည့် ကိုယ်ခန္ဓာအမ အမွေးအရောင်များကို အနည်းငယ်ကောက်နုတ်တင်ပြလိုက်ပါသည်။ နွားရှေ့နီအထီးများတွင် ကိုယ်ခန္ဓာအမွေးအရောင် ၈၇ ရာခိုင်နှုန်းနီးပါးသည် အနီရောင်တစ်ဆက်တည်းဖြစ်ပြီး အနီရောင်ထဲတွင် အဖြူကျား ၇ ရာခိုင်နှုန်းနှင့် အစက်အပြောက် ၆ ရာခိုင်နှုန်းဖြစ်ပြီး အမများမှာ ၉၁ ရာခိုင်နှုန်းအနီရောင်၊ အနီရောင်ထဲတွင် အဖြူကျား ၄ ရာခိုင်နှုန်းနှင့် အစက်အပြောက် ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။ နွားပြာစိမ်းအထီးများသည် ကိုယ်ခန္ဓာအမွေးအရောင် ၈၉ ရာခိုင်နှုန်း မီးခိုးတစ်ဆက်တည်းဖြစ်ပြီး အနက်ကျား ၆ ရာခိုင်နှုန်းနှင့် အစက်အပြောက် ၅ ရာခိုင်နှုန်းရှိကာ အမများမှာ မီးခိုး ၆၀ ရာခိုင်နှုန်းနှင့် အနက်ကျား ၃၅ ရာခိုင်နှုန်း၊ အစက်အပြောက် ၅ ရာခိုင်နှုန်းသာရှိသည်။ နွားရှေ့နီအထီး၏ နှာခေါင်းအရောင်မှာ အနီရောင် ၃၉ ရာခိုင်နှုန်းနှင့် အခြားအရောင် ၆၁ ရာခိုင်နှုန်းဖြစ်ပြီး အမများတွင် အနီရောင် ၄၁ ရာခိုင်နှုန်းနှင့် အခြားအရောင် ၅၉ ရာခိုင်နှုန်းဖြစ်သည်။ နွားပြာစိမ်းအထီးတွင်မူ အနက်ရောင် ၆၃ ရာခိုင်နှုန်းနှင့် အခြားအရောင် ၃၇ ရာခိုင်နှုန်းဖြစ်ပြီး အမတွင် အနက်ရောင် ၆၂ ရာခိုင်နှုန်းနှင့် အခြားအရောင် ၃၈ ရာခိုင်နှုန်းဖြစ်သည်။

နွားရှေ့နီနှင့်နွားပြာစိမ်းတို့တွင် ကိုယ်ပိုင်ထူးခြားသော အရည်အသွေးဆိုင်ရာ ထူးခြားမှုကို တွေ့ရပြီး ပြာစိမ်းအထီးများတွင် အရေအတွက် အတိုင်းအတာတိုင်းသည့် တန်ဖိုးများသည် ရွှေနီအထီးထက် ပိုမိုမြင့်မားကြောင်း တွေ့ရပါသည်။ သို့သော် ရွှေနီနွားမများသည် ပြာစိမ်းနွားမများထက် အရေအတွက်အတိုင်းအတာတိုင်းသည့် တန်ဖိုးများသည် ပိုမိုမြင့်မားနေပါသည်။

“နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးသည် တိုင်းရင်းသားပြည်သူလူထု၏ ဖန်တီးနိုင်မှုအပေါ်တွင် မူတည်နေသည်” ဆိုစကားအတိုင်း အစိုးရဝန်ကြီးဌာနများ၊ တောင်သူ ဦးကြီးများနှင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နောင်အနာဂတ်တွင်လည်း နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော ဒေသနွားမျိုးအားသာချက်များကို အပြည့်အဝအသုံးချနိုင်ရန် ပြင်ပလက္ခဏာအပေါ် အခြေခံသောဂုဏ်သတ္တိများ၊ အရွယ်ရောက်သောအသက်၊ ပထမနွားငယ်လေးသားခွဲပြီးသော နွားမအသက်၊ နွားငယ်လေးတစ်ကောင်နှင့် တစ်ကောင်မွေးဖွားချိန် ကွာခြားချက်များနှင့် နို့ပေးကာလကြာချိန်များကို ထပ်မံပြီး သုတေသနများ လုပ်ဆောင်သွားနိုင်ရန် တိုက်တွန်းလိုက်ပါတော့သည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၁၇
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် အခြေခံပညာကျောင်းများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းဝင်းရှိ ဘုရားပန်းအိုးများ၊ သောက်သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်စသည့် လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ မကြာမီကာလအတွင်း ကျောင်းများဖွင့်လှစ်မည်ဖြစ်သောကြောင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးနှင့် ခြင်များ ပေါက်ပွားမှုမရှိစေရေးအတွက် အမှိုက်များ၊ မြက်များ၊ ချုံနွယ်များ စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန်၊ ကျောင်းဝင်းအတွင်း/အပြင်ရှိမီးကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို ရှင်းလင်းရန်၊ စာသင်ခန်းများအတွင်း သန့်ရှင်းရေးနှင့် စာသင်ခုံများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကြီးဆိုင်ရာ အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇
မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)၏ ပရိယတ္တိသာသနာပြု မဟာဗုဒ္ဓဝင်ပြန့်ပွားရေးဓမ္မဒါနအဖြစ် ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကြီးဆိုင်ရာ အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) ၏ ဩဝါဒါစရိယ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂသာမိ မဟာထေရ်အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာပဏ္ဍိတဘိက္ခုက ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အခမ်းအနားဆိုင်ရာများကို လျှောက်ထားခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)၏ ဩဝါဒါစရိယ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲနှင့် စပ်လျဉ်း၍ ဝမ်းမြောက်ကြောင်း လျှောက်ထားပြီး သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကြီးတွင် ဝတ်ရုံဆင်မြန်းနိုင်ရန်အတွက် ဗဟိုအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သံဃာတော်များအား သက်ဆိုင်ရာအလှူရှင်များက သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်ရာ လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယက ဦးစိန်မော်၊ ဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

အောင်မြင့်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ သစ်စိမ်းမြေဩဇာမျိုးစေ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၁၇
နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးရန် မျိုးစေ့ပေးအပ်ပွဲနှင့် စိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်ကာ တောင်သူများအား သစ်စိမ်းမြေဩဇာမျိုးစေ့များ ပေးအပ်သည်။

နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့ဝင်များသည် ကြောင်ရေကျေးရွာအနီး ကွင်းအမှတ် (၁၇၉၃) တောင်သူ ဦးတင့်ဇော်နှင့် တောင်သူ ငါးဦးတို့၏ လယ်မြေ ၄၅ ဧကတွင် သစ်စိမ်းမြေဩဇာ ကြဲပက်စိုက်ပျိုးနေမှုများကို လည်းကောင်း၊ ကြောင်ရေကျေးရွာ ကွင်းအမှတ် ၁၇၉၃၊ တောင်သူ ဒေါ်ခင်ရီ၏လယ်မြေဧက ၂၀ တွင် ရှစ်လက်မ ဆိုလာပန့်ဖြင့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း ကြည့်ရှု၍ သီးထပ်သီးညှပ် ရာသီသီးနှံများကို အပြည့်အဝ စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာနေ ဦးနိုင်မင်းဝေ၏ ဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကျောက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

ကျောက်ထို မေ ၁၇
မွန်ပြည်နယ် ကျောက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာပေချစ်သူများအဖွဲ့ Book Club၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာရေးဆရာမ မစန္ဒာ ရေးသားသည့် "အရိပ်"စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် Book Club အဖွဲ့မှ အဖွဲ့ဝင် ဦးတင်ထွေးနှင့် အဖွဲ့ဝင် ဦးလှထွန်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကျိုက်ထို(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ ကျောင်းအပ်နှံရေး ပိုစတာစိုက်ထူ

ပြည် မေ ၁၇
၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး(ရုံးခွဲ)ရှေ့၌ ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် ပဲခူးတိုင်းဒေသကြီး(ရုံးခွဲ) ပညာရေးမှူး ဒေါက်တာချစ်ကိုကိုတို့က "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကိုဆက်(ပြန်/ဆက်)

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၁၅၇၅၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု

မေ ၁၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၈၅၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၀၁၉ တန်၊ သစ်မာ ၀ ဒသမ ၃၉၁ တန်၊ အခြားသစ် ၂ ဒသမ ၈၁၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၅၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကမာရွတ်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပလိပ်မြို့အထွက် UPG စက်ရုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၈၆၁၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ကျောက်ဆည်မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၄၅၈၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၃၁၉၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၉၆၀၀၃၉)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မရမ်းကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၁၃၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

မေ ၁၅ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်တွင် လမ်းလျှောက်လာသူ မောင်လှဝင်း၊ မောင်မြသန်းနှင့် ညိမ်းကို တို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၃၈၀) သိမ်းဆည်းရမိသဖြင့် မောင်လှဝင်း(၃၈)နှစ်၊ မောင်မြသန်း(၃၇)နှစ်နှင့် ညိမ်းကို(၂၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်သိန်း ၄၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

မေ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သပြေကျင်းကျေးရွာအုပ်စု ခွန်လိန်ကျေးရွာနေ ဆန်းဝင်း(ခ)လော့ဆန်း ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၄၀) သိမ်းဆည်း ရမိသဖြင့် ဆန်းဝင်း(ခ)လော့ဆန်း (၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လမ်းဖြတ်ကူးသူအား မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိ၍ လမ်းဖြတ်ကူးသူ သေဆုံး

နေပြည်တော် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မေ ၁၅ ရက်က လမ်းဖြတ်ကူးသူအား မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရောဝဏ်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၂၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရောဝဏ်လမ်းအတိုင်း အနောက်ဘက်မှအရှေ့ဘက်သို့ ထန်းတပင်မြို့နယ် ရိုးကြီးကျေးရွာနေ စန်းထူးဇော်(၂၁)နှစ် မောင်းနှင်လာသည့် YGN-8 6Q-xxxx SUZUKI CARRY ယာဉ်သည် “၆၅” ကားမှတ်တိုင်အနီးအရောက်၌ လမ်းဖြတ်ကူးသူ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၆၃)ရပ်ကွက်နေ ထွန်းလှိုင်ဝင်း(၄၄)နှစ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ထွန်းလှိုင်ဝင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် စန်းထူးဇော် အား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၅-၂၀၂၅ တနင်္ဂနွေနေ့

MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သန့်ရှင်းလတ်ဆတ်သောအာဟာရဓာတ်ပေး ပဲလမုန့်လေး
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'ချစ်စရာ သိုးမိသားစု' (အပိုင်း-၂)
- ၀၉:၄၀ မြန်မာ့ရိုးရာသနပ်ခါး
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'K-Music Show' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၃၅ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဇာတ်ရုပ်ရှင် 'ချမ်းနုရင်ငွေး'
- ၁၆:၄၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကြွေလည်းဝေမြဲတမ်းတသံ 'ထိပ်တက်ဖျားကာစိန်ကျောက်မျက်' (စိုင်းထီးဆိုင်)(အပိုင်း-၁)
- ၂၁:၃၀ ဒေးကျောင်ရုပ်ရှင် 'အချစ်လိုက်ရဲလား'

mitv

- 07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:08 Majestic Shwedagon (Epi-1)
- 07:43 Myanmar Traditional Snacks: Mounhsi Gyaw
- 07:48 THE WUSHU ATHLETE
- 08:01 News
- 08:27 Listening Pleasure, Instrumental Music (Banjo) Pyoh Maung Phone
- 09:01 National Museum (Yangon) (Ep-2)
- 09:29 Today Myanmar
- 09:39 Popsicle Sticks Art Creator
- 09:52 Cultural Ties Among Langcang-Mekong Countries
- 10:01 News

Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (ကချင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တန်ဆောင်အမြုံနှံ့အမုန်း' (အပိုင်း-၁၀)
- ၀၇:၅၅ ဝတ္ထုတိုတေးများ
- ၀၈:၂၅ ဇာတ်သဘင် 'တံခါးမှူးအတွက်ဇာတ်တော်'
- ၀၉:၁၀ ချစ်စရာအရွယ်ကစားကြမယ် 'လှိုင်သာယာ(၁)မူလတန်းကြိုကျောင်းနှင့် လှိုင်သာယာ(၂)မူလတန်းကြိုကျောင်း'
- ၀၉:၄၀ မြန်မာရုပ်ရှင် (သေးကျော်စုံ) 'ဝန်းတစ်ပွင့်ဝန်ဆင်းခြင်း'

MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ခံတွင်းမြိန်စေမဲ့ကယားရိုးရာ အစားအစာ
- ဝေကမ္ဘရင် (၀၈:၀၀ မှ ၀၉:၀၀) သင်ယူလေ့လာတို့ရဲ့ခြာ (အပိုင်း-၁၀)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) ကရင်ရိုးရာစောင်းတူရိယာ
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ကြယ်ကလေးများအတွက်ပုံပြင်
- ချင်း (ဖလမ်) (၁၁:၀၀ မှ ၁၂:၀၀) ဆေးဘက်ဝင် သခွပ်ပင်
- ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀) ချင်း(ချိုး)တို့၏ရှေးရိုးရာလေးဝေခင်
- မွန် (၁၃:၀၀ မှ ၁၄:၀၀) တညင်းသီး၏ကောင်းကျိုးဆိုးကျိုး
- ရခိုင် (၁၄:၀၀ မှ ၁၅:၀၀) ပြိုးပဒေသာ (မဏိစန္ဒာနှင့်ပုလဲစိန်)
- ရှမ်း (၁၅:၀၀ မှ ၁၉:၀၀) ဝါးထဲကဘိုး
- ဝ (၁၉:၀၀ မှ ၂၁:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (ဆွေမျိုးဆိုင်ရာအခေါ်အဝေါ်များ)
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ကချင်ရိုးရာဝတ်စားဆင်ယင်ခြင်း

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကမ္ဘာ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ စုံစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ဗင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၃)

MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စိုက်ပျိုးရေးကိုအခြေခံတည်တန့်ခိုင်မြဲတဲ့ မြန်မာ့ထုတ်ကုန်ဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ The Birth Of Sake
- ၂၀:၀၀ အပင်း (ဇာတ်လမ်း)
- ၂၂:၀၀ Hachi A dog's Tale (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၀ Weekend News
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) (Pacific Sun Far Vs Futsal Chit Thu)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ ညနေ (၅) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် လူငယ်ကင်းထောက် လေ့လာရေးခရီးစဉ်များဆောင်ရွက်ပေး

ပြည် မေ ၁၇

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးတိုင်း (အနောက်) မှ လူငယ်ကင်းထောက်မောင်မယ် ၆၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် အုပ်ချုပ်ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ မေ ၁၅ ရက် နံနက် ၇ နာရီတွင် (သီရိရတနာ) မှန်လုံယာဉ်နှစ်စီးဖြင့် ပြည်မြို့မှ ပဲခူးမြို့သို့ လူငယ်ကင်းထောက် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့သည်။

အဆိုပါ ပဲခူး (အနောက်) လူငယ်ကင်းထောက်လေ့လာရေး အဖွဲ့သည် ပဲခူးအရှေ့ခြမ်းရှိ မိုးယွန်းကြီးအင်းအပါအဝင် ပဲခူးမြို့ရှိ သမိုင်းဝင် ဘုရားစေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

အလားတူ ပဲခူး (အရှေ့)မှ လူငယ်ကင်းထောက်မောင်မယ် ၆၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယမန်နေ့နံနက် ၇ နာရီတွင် ပဲခူးမြို့မှ ပြည်မြို့သို့ လေ့လာရေးခရီးစဉ် ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် ပြည်ခရိုင် ရွှေတောင်မြို့သို့ ရောက်ရှိကာ ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးနှင့် ရွှေမျက်မှန်ရုပ်ပွားတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်၍ ဒေသန္တရ ဗဟုသုတများကို လေ့လာခဲ့သည်။ ဆက်လက်၍ ညနေပိုင်းတွင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး အလှူငွေများ ကုသိုလ်ပြုစုပေါင်းလှူဒါန်းခဲ့သည်။

ခရိုင်(ပြန်/ဆက်)

အင်းလေးဒေသရှိ မန္တလေးငလျင်ကြီးဒဏ်သင့်ကျေးရွာများ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော့ရောဂါ ကာကွယ်ဆေးတိုက်ကျွေး

ညောင်ရွှေ မေ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ မန္တလေးငလျင်ကြီးဒဏ်သင့်ကျေးရွာများရှိ အသက်နှစ်နှစ်နှင့်အထက် ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှော့ရောဂါ ကြိုတင်ဟန့်တား ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယမန်နေ့က ကြေးစားကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပြီး ဒေသခံပြည်သူ ၇၇၁ ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ်အဖြစ် တိုက်ကျွေးခဲ့သည်။ အဆိုပါ ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါကြိုတင်ဟန့်တားကာကွယ်ဆေးတိုက်ကျွေးခြင်း (Pre-emptive OCV Campaign For Mandalay Earthquake Affected Area) ကို ဧပြီ ၂၉ ရက်မှ စတင်၍ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အင်းလေးဒေသရှိမန္တလေးငလျင်ကြီးဒဏ်သင့် ကျေးရွာများမှ ပြည်သူ ၂၁၅၉၇ ဦးအား ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဇလွန်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

ဇလွန် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပုသိမ် မေ ၁၇

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ ဦးဆောင်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ပေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ပေါ် အမှတ် (၅) ရပ်ကွက်ရှိ နေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးမြင့်သူက အမှတ် (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအား သွေးလွန်တုပ်ကွေး ဖြစ်ပေါ်မှုနှင့် ကြိုတင်ကာကွယ်ရေး အတွက် အသိပညာပေးဟောပြောပြီး ပုသိမ်မြို့ပေါ်ရှိ စာသင်ကျောင်းများအပါအဝင် နေအိမ်များ၌ ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သည့် ရေလှောင်ကန်များ၊ ရေစည်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို လိုက်လံစစ်ဆေးပြီး ပိုးလောက်လမ်းမရှိစေရေး အဘိတ်ဆေးများ ခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စိုက်ပျိုးမွေးမြူရေးကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းစွမ်းဆောင်သွားကြစေလို

နေပြည်တော် မေ ၁၇

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၏ Grade-10, Grade-11, Grade-12 တန်းစဉ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ် သင်ကြားပို့ချကြမည့် ဆရာ ဆရာမများအတွက် ဖွင့်လှစ်သည့် သင်ကြားရေးမွမ်းမံသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ကြီး၊ ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ သင်တန်း ဆရာ ဆရာမများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် စိုက်ပျိုးမွေးမြူရေးကျွမ်းကျင်သူ လူ့စွမ်းအား

အရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းစွမ်းဆောင်သွားကြစေလိုကြောင်း၊ အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးပညာရပ်ကို ယခုထက် ပိုမိုသင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်မည့် အလားအလာများ၊ အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ခေတ်မီ AI နည်းပညာကို အကျွမ်းတဝင် အသုံးပြုနိုင်စေရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ကြိုးပမ်းသွားကြရန်နှင့် ကျောင်းသားဗဟိုပြု သင်ကြားနည်းစနစ်များကို အမြဲဆန်းသစ်နေရန် လိုအပ်ကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးများသည် သင်တန်းသား ဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများမှ Grade-10, Grade-11, Grade-12 တန်းစဉ်များတွင် စိုက်ပျိုးရေး ဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ်များပို့ချမည့် ဆရာ ဆရာမ ၃၈၃ ဦးအား စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ပို့ချပေးခြင်း၊ အပြန်အလှန်ဆွေးနွေးစေခြင်းတို့ဖြင့် သင်ခန်းစာတစ်ခုချင်းအပေါ် ကျွမ်းကျင်မှု ပိုမိုမြင့်မားစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၉)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံရှိ ထိုင်းတက္ကသိုလ်ကျောင်းသားဟောင်းများ အသင်းမှ ဦးစီးကျင်းပသည့် (၉)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ 9th Thailand Education Fair (Myanmar) အား မေ ၂၄ ရက်(စနေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်

ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၂၁ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်း အချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။

အဆိုပါ ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ Asian Institute of Technology (AIT)၊ Asian Maritime Technological Collage ၊ Asian Institute of Hospitality Management (AIHM)၊ Bangkok University ၊ I King Mongkut's Institute of Technology Ladkrabang (KMITL)၊ London Universities at Bangkok Center (LUBC)၊ Mahidol University International College (MUIC)၊ North Chiang Mai University၊ Silpakorn University International College၊ Southeast Bangkok University, Thailand၊ Stamford International University၊ Thammasat Business School၊ The Global Academy at Siam University၊ University of the Thai Chamber of Commerce(UTCC) စသည့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာမြန်မာကျောင်းသားကျောင်းသူများအနေဖြင့် ကွန်ရက်များ ချိတ်ဆက်နိုင်မည့်ပညာရေးပြပွဲသို့ မည်သူမဆိုဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

လူငယ်နှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြော

ပဲခူး မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ဆုမွန်က လူငယ်များအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်လာစေရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုပြဿနာများ၊ ဖြေရှင်းရန်နည်းလမ်းများနှင့် စွန့်ပစ်အမှိုက် ခွဲခြားစွန့်ပစ်ရေးဆိုင်ရာအကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းသားလူငယ် စုစုပေါင်း ၆၀ တက်ရောက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေပြည်သာမြို့နယ်ရှိ စက်ရုံအလုပ်ရုံများ၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ စက်ရုံလေးရုံ၌ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို ရွှေပြည်သာမြို့နယ်သာခုကန်စက်မှုဇုန်ရှိ G&B (Myanmar)Co., Ltd. အထည်ချုပ်စက်ရုံ၌ လည်းကောင်း၊ ရွှေဇာမဏီ အထည်ချုပ်စက်ရုံ၌ လည်းကောင်း၊ Myanmar Tinnan Co., Ltd. အထည်ချုပ်စက်ရုံ၌ လည်းကောင်း၊ Hong Shung Da

Co., Ltd. အထည်ချုပ်စက်ရုံ၌ လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကိုကိုနှင့် ဦးစီးအရာရှိ ဦးသန်းထွန်းဇော် (ဥပဒေစစ်ဆေးရေး)တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း ဆွေးနွေးကြသည်။

ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးမှုများကို ပြုလုပ်ပေးခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို သိရှိလာပြီး အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်အေးချမ်းသာယာ၍ ကုန်ထုတ်လုပ်မှု တိုးတက်ကာ နိုင်ငံ၏ စီးပွားရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

ကျောင်းကုန်း၌ ကျောင်းအပ်နှံရေး ပိုစတာစိုက်ထူ

ကျောင်းကုန်း မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်၊ မြို့ထိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယမန်နေ့ နံနက်က ကျင်းပသည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲသို့ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပန်းတနော်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးများ ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

ပန်းတနော် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မအူပင်ခရိုင် ပညာရေးမှူး ဒေါက်တာသန္တာဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေဌေးတို့က ပညာ၏ တန်ဖိုးကြီးမားပုံ၊ အချိန်၏ တန်ဖိုးကြီးမားပုံ၊ ကျောင်းနေအရွယ် ကလေးများအား ကျောင်းအပ်နှံပေးရေး၊ ကလေးလူငယ်များသည် မိသားစု၏ အနာဂတ်၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးပြောကြားခဲ့ရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးဇုန်ပွဲစဉ်များ ကျင်းပ

ရန်ကုန် မေ ၁၇

FIFA–MFF ယူ–၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် တောင်ကြီးဇုန်ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ် (၇) ပထမနေ့တွင် Mar Rein အသင်းက Burmese Youth အသင်းကို လေးဂိုးပြတ်၊ အာသာဝတီအသင်းက The Honour အသင်းကို သုံးဂိုးပြတ်၊ ရှိုင်ရယ်ရန်ကုန်အသင်းက Golden Light United အသင်းကို ရှစ်ဂိုးပြတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ခြောက်ဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာဘောလုံး အကယ်ဒမီလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် မန္တလေးဇုန် ပွဲစဉ် (၄) ပထမနေ့တွင် အနီးစခန်းအသင်းက Sparrow အသင်းကို လေးဂိုး–နှစ်ဂိုး၊ STNM အသင်းက Youth Soccer Future အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် တောင်ကြီးဇုန် ပွဲစဉ် (၄) ပထမနေ့တွင် Paoh New Generation အသင်းက အင်းလေးလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းက Middle Shan State အသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇုန်သုံးခု၏ ဒုတိယနေ့ကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF

အာသာဝတီအသင်းနှင့် The Honour အသင်း ယှဉ်ပြိုင်နေစဉ်။

MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်

ရန်ကုန် မေ ၁၇

FIFA–MFF ယူ–၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ကို သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ယနေ့ ကျင်းပရာ ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ခဲ့ပြီး Winner Soccer အသင်း ထိပ်ဆုံးရောက်လာသည်။

ပွဲစဉ် (၉) တွင် Winner Soccer အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုးပြတ်၊ VUC ULAD အသင်းက Generations အသင်းကို လေးဂိုး–သုံးဂိုး၊ JV အသင်းက Royal Noka အသင်းကို ခုနစ်ဂိုးပြတ်၊ MIU အသင်းက Pacific Sun Far အသင်းကို လေးဂိုး–သုံးဂိုး၊ YRG အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၁ ဂိုး– ဂိုးမရှိဖြင့် အနိုင်ရပြီး YCDC MHDT အသင်းနှင့် ဖူဆယ်ချစ်သူအသင်း လေးဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၈) အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် YCDC MHDT အသင်းသည် သရေပွဲကြုံတွေ့ခဲ့သဖြင့် နိုင်ပွဲရသည့် Winner Soccer အသင်းက ထိပ်ဆုံးရောက်လာခြင်းဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် Winner Soccer အသင်းက ရမှတ် ၂၄ မှတ်ဖြင့် ထိပ်ဆုံးရောက်လာပြီး YCDC MHDT အသင်းက ၂၃ မှတ်၊ YRG အသင်းက ၁၈ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၇ မှတ်၊ VUC ULAD အသင်းက ၁၆ မှတ်၊ MIU အသင်းက ၁၅ မှတ်၊ JV အသင်းနှင့် Royal Noka အသင်းက ကိုးမှတ်စီ၊ Generations အသင်းနှင့် Pacific Sun Far အသင်းတို့က ရှစ်မှတ်စီ၊ FFU မင်းမဟော်အသင်းက ခုနစ်မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းမှာမူ အမှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံထားရသဖြင့် (–၆) မှတ်ဖြစ်နေသည်။

YCDC MHDT အသင်းနှင့် ဖူဆယ်ချစ်သူအသင်း ယှဉ်ပြိုင်စဉ်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF

ရီးရဲမက်ဒရစ်အသင်းက ဘုန်းမောက်ခံစစ်ကစားသမား ဟူဂျီဆင်းကို ခေါ်ယူ

ရီးရဲမက်ဒရစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားမတိုင်မီ ဘုန်းမောက်အသင်းမှ ခံစစ်ကစားသမား ဟူဂျီဆင်းကို စာချုပ်လျော်ကြေး ပေါင်သန်း ၅၀ ပေးချေကာ အသင်းသို့ ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အသက် ၂၀ အရွယ်ရှိ အဆိုပါ ခံစစ်ကစားသမားသည် ရီးရဲမက်ဒရစ်အသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။ ဟူဂျီဆင်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် လာမည့် ဇွန် ၁ ရက်တွင် တရားဝင်ပူးပေါင်းသွားမည်ဖြစ်ပြီး အသင်းနှင့် ၎င်း၏ ပွဲဦးထွက် ပွဲစဉ်ကို ကလပ်ကမ္ဘာ့ဖလားတွင် ပါဝင်ယှဉ်ပြိုင်ကစားသွားဖွယ်ရှိသည်။

ဟူဂျီဆင်း

ရီးရဲမက်ဒရစ်အသင်း၏ ကလပ်ကမ္ဘာ့ဖလား ပထမဆုံးပွဲကို ဇွန် ၁၈ ရက်တွင် ဆော်ဒီအာရေဗျကလပ် အယ်ဟီလယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ချယ်ဆီး၊ လီဗာပူး၊ အာဆင်နယ်နှင့် နယူးကာဆယ်အသင်းတို့ကလည်း ဟူဂျီဆင်းကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်က ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ် နွေရာသီတွင် ဂျူဗင်တပ်စ်အသင်းမှ ဘုန်းမောက်အသင်းသို့ ပေါင် ၁၂ ဒသမ ၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

နယ်သာလန်ခံစစ်ကစားသမား ဟူဂျီဆင်းသည် ယခုနှစ်ရာသီတွင် ဘုန်းမောက်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၄ ပွဲ ပါဝင်ကစားထား၍ ခြေစွမ်းပြသထားနိုင်ခဲ့သည်။

အောင်ဇော်

အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ကိုကိုဂေါ့ဖ်နှင့် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားမည်

အီတလီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၄) ရှိ အမေရိကန် တင်းနစ်မယ် ကိုကိုဂေါ့ဖ်က ကမ္ဘာ့အဆင့် (၈) ရှိ တရုတ်တင်းနစ်မယ် ကွင်ဝင်ချောင်ကို အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ကိုကိုဂေါ့ဖ်သည် အဆိုပါ ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်ကို ၇–၆ (၇–၃)၊ ၄–၆၊ ၇–၆ (၇–၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် လင်နက်တီ၊ ရာဒူကာနူ၊ အန်ဒရေဗာတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည်။

၎င်းသည် ဗိုလ်လုပွဲတွင် အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပါအိုလီနီသည် ဆီမီးဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် စတန်းနှင့် တွေ့ဆုံခဲ့ပြီး ၇–၅၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည် ။

အောင်ဇော်

ကိုကိုဂေါ့ဖ်နှင့် ပါအိုလီနီ

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မေ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ -မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ကမ္ဘောဒီးယားနိုင်ငံသား တစ်ဦး၊ တရုတ်နိုင်ငံသားနှစ်ဦး၊ ကင်ညာနိုင်ငံသား သုံးဦး၊ အိန္ဒိယနိုင်ငံသား လေးဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား နှစ်ဦး၊ ကာဇက်စတန်နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၅ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၁၂ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၇၄ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Pan Dar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၂) ရပ်ကွက်နေ ကေသီခိုင် အား ည ၈ နာရီခွဲတွင် ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*



၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးမည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

✳ *ကျောဖုံးမှ*

ဟံသာဝတီအသင်းသည် ကွာတားဖိုင်နယ် တက်ရောက်ခဲ့သော်လည်း အုပ်စုပထမနေရာအတွက် ရခိုင်-အား/ကာသိပ္ပံပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး နောက်ဆုံးပွဲမတိုင်မီ ကွာတားဖိုင်နယ် တက်ရောက်ခွင့် ရရှိသွားသည်။ နည်းပြချုပ်သစ် ဦးမြင့်ကို လက်ထက်တွင် ရတနာပုံအသင်း ပုံစံကောင်းပြသနေပြီး သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်သင်းလုံးနီးပါး အပြောင်းအလဲပြုလုပ်ထားသည့် ဒဂုံစတားယူနိုက်တက်အသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့်အတူ နောက်တစ်ဆင့်တက်ရေး မသေချာတော့ဘဲ ရတနာပုံ-မြဝတီပွဲကို စောင့်ကြည့်ရမည်ဖြစ်သည်။ ပွဲအစ ခုနစ်မိနစ်တွင် ရန်ကျော်ထွေးက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသော်လည်း ၃၉ မိနစ်တွင် အောင်သူရိန်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၄၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ပြည်မိုးနှင့် ၉၀+၅ မိနစ်တွင် မျိုးဇော်ဦးတို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရာမညယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာသည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၉ မိနစ်တွင် နိုင်ဇင်ထက်၊ ၅၇၊ ၇၅ မိနစ်တွင် ကောင်းထက်လင်းတို့က သွင်းယူသည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Chinland အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရခိုင်ယူနိုက်တက် အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းသွားပြီး နောက်ဆုံးပွဲတွင် ဂိုးပြတ်မရှုံးပါက ကွာတားဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် ဘွန်ဘာမီဆို၊ ၂၉ မိနစ်တွင် သန်းကျော်ဌေး၊ ၄၅+၂၊ ၇၉ မိနစ်တွင် စည်သူအောင်တို့က သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ် (၄) အပြီးတွင် အုပ်စု (ဂ) ၌ ဟံသာဝတီယူနိုက်တက်အသင်းက ပွဲကုန်လေးပွဲကစားအပြီး ရမှတ် ရှစ်မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး ရခိုင်ယူနိုက်တက်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက သုံးပွဲကစား လေးမှတ်၊ Chinland အသင်းက သုံးပွဲကစား နှစ်မှတ်၊ Glory Goal အသင်းက သုံးပွဲကစား အမှတ်မရသေး၊ အုပ်စု (ဃ) ၌ ရတနာပုံအသင်းက သုံးပွဲကစား ရမှတ် ကိုးမှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကုန်လေးပွဲကစား ခုနစ်မှတ်၊ မြဝတီအသင်းက သုံးပွဲကစား ခြောက်မှတ်၊ ရာမညယူနိုက်တက်အသင်းက သုံးပွဲကစား တစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက သုံးပွဲကစား အမှတ်မရသေးပေ။ နောက်ဆုံးပွဲမတိုင်မီအထိ ကွာတားဖိုင်နယ်တက်ရောက်ထားသည့် လေးသင်းထွက်ပေါ်ထားပြီး လေးသင်းသာ ထပ်မံထွက်ပေါ်ရန်ကျန်ရှိသည်။ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ အုပ်စု (ခ) တွင် ရန်ကုန်ယူနိုက်တက်အသင်းတို့ တက်ရောက်ထားပြီးဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

(ဃ) **ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့် ရက်နှင့်အချိန်** - (၃၀- ၅ -၂၀၂၅) ရက်၊ နံနက် (၁၀:၀၀)နာရီ

(င) **တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း၊ ဓမ္မာရုံ၊ ဘဲကုန်း ဆည်မြောင်းဝန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်

မွေးသက္ကရာဇ်အမှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ရွှေဝတီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ GRADE-11 မှ မောင်ဇေယံထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၉-၂၀၀၉ ဖြစ်ပါကြောင်း။

မောင်ဇေယံထက်

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား၊ (၂)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အထက(၁) အထက်တန်းကျောင်း၊ GRADE-6 မှ မောင်ချစ်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သူ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၇၊ မြေကွက်အမှတ် - ၁၁၂၀၊ ဧရိယာ - ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဦးတင်ဝင်း အမည်ပေါက် (ပါမစ်) မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ခင်ငြိမ်းထွေး (ဘ) ဦးရွှေသိန်း ၅/ပလန(နိုင်)၀၈၁၂၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်စုံအောင် (ဘ) ဦးမြင့်အေး ၇/လပတ(နိုင်)၁၂၅၀၄၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ (ပါမစ်) မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးပြည့်စုံအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးနေနိုင်ဦး (LL.B,DBL, DIPL) (စဥ်-၁၄၉၃၆)
တရားလွှတ်တော်ရှေ့နေ
အခန်း (A-14)၊ ပထမထပ်၊ အမှတ် - ၅၀၊ ပထမထပ် ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၁၁၇၁၉၈၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အလယ်ကုန်းရပ်ကွက်၊ ဆရာစံမြို့သစ်ရှိ ကွင်းအမှတ်- ၁၂၅၈^S၊ ကွင်းအမည်- သရက်လေးပင်ကွင်း၊ မြေကွက်အမှတ်- ၁၆၆၂၊ မြေအကျယ်ပေ(၄၀ x ၆၀)၊ မြေဧရိယာ ၀ ဒသမ၀၅၅ဧကရှိ ခြံမြေကွက်သည် ဒေါ်တင်မေ ၇/သဝတ(နိုင်) ၀၀၂၂၇၁ အမည်ဖြင့် လူနေအိမ်ဆောက်လုပ် နေထိုင်ရန်အတွက် အိမ်ရာကွက် ချထားပေးသော လက်မှတ်(မြေပေးမိန့်)ရရှိထားသည့်ခြံမြေကို သာယာဝတီ မြို့နယ်၊ ဆရာစံမြို့သစ်၊ ဗိုလ်စိန်မှန်လမ်းနေ ဦးသက်ဦးက ၃၀-၄-၂၀၂၅ ရက်တွင် ငွေပေးချေဝယ်ယူခဲ့ပြီး ယခုလက်ရှိ ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ ဦးသက်ဦးက အဆိုပါခြံမြေအား ၎င်း၏အမည်ဖြင့် မြေငှားဂရန် အမည်ပေါက် လျှောက်ထားမည်ဖြစ်ရာ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား စာရွက်စာတမ်း(မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်သည့် ရက်အတွင်း ကန့်ကွက်သူများ ပေါ်ပေါက်လာခြင်းမရှိပါက မြေငှားဂရန်အမည်ပေါက် လျှောက်ထားခြင်းကို သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ဦးသက်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အိအိလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၅၀၈)
အမှတ်(၄၈၆)၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊
ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၃၇၁၉၂၂

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအရှေ့၊ မြေကွက်အမှတ်-၁၄၀၁ / ခ)၊ အိမ်အမှတ်-(၄၀ / ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါ အိမ်ခြံမြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကျင်ရွှေ(CI-၀၁၂၃၇၁၆)အမည်ဖြင့် တည်ရှိပြီး အဆိုပါ အိမ်ခြံမြေအား ဒေါ်စန်းစန်းနိုင် ၁၂/သလန(နိုင်)၁၂၅၃၁၇ မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိမွန်ခိုင် ၁၂/ဗဟန(နိုင်)၁၀၅၃၈၀၀က ဝယ်ယူရန် သဘောတူညီပြီး အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ထက်မြတ်စိုး LL.B
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၃၀၇)
ရုံးခန်းလိပ်စာ- အမှတ်-၁၁၂၂ (ပထမထပ်)၊ မြင်တော်သာလမ်း၊
၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉ - ၂၅၂၄၀၄၄၈၉

သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၄/၆၇)နေ ဒေါ်ရတနာထွန်း (ဘ) ဦးတင်မောင်ထွန်း (၇/ပမန(နိုင်)၁၅၄၉၂၅) THANT TREASURE 11. Trading & Construction Co., Ltd (C.E.O)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ရတနာထွန်း နှင့်ပတ်သက်ပြီး ဆက်သွယ်ရေးအော်ပရေတာမှတစ်ဆင့် လူမှုကွန်ရက်အမျိုးမျိုးကိုအသုံးပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန်လည်းကောင်း၊ ဒေါ်ရတနာထွန်း၏ ဇာတိမြို့ရွာတွင်လည်းကောင်း အကျိုးစီးပွားထိခိုက်နစ်နာစေရန်အကြံနှင့်လည်းကောင်း၊ အချို့သော (မသမာသူ)များက ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်သည့် အကြောင်းအရာများ (စကားရပ်များ၊ သတင်းအမှားများ)အား ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်း၊ ပြောကြားခြင်းများကို ပြုမူပြောဆိုဆောင်ရွက်နေကြောင်း တွေ့မြင်ကြားသိနေရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ၏ ပုဂ္ဂိုလ်ရေးနှင့်ပတ်သက်၍သော်လည်းကောင်း၊ မိသားစုအရေးကိစ္စများသော်လည်းကောင်း၊ ကုမ္ပဏီ၏အကျိုးစီးပွား ထိခိုက်နစ်နာမည့် ကိစ္စရပ်များကိုသော်လည်းကောင်း၊ အခြားလူမှုရေး အကြောင်းအရာများကိုသော်လည်းကောင်း၊ အလွဲသုံးစားပြု၍ မဟုတ်မမှန်သော (စကားရပ်များ၊ သတင်းအမှားများ)ကို ဖြန့်ဝေ၊ ပြောကြား၊ သားပုတ်လေလွင့် မမှန်မကန် စွပ်စွဲပြောဆိုခြင်းများကို ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ၊ နောက်နောင်တွင်ဖြစ်စေ ဒေါ်ရတနာထွန်း၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်ရတနာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်ဝင်း (LL.B)
အထက်တန်းရှေ့နေ (စဥ်-၁၆၀၄၆/၁၅-၁၂-၁၉၈၇)
အမှတ်(၆၅၄)၊ ပန်းခြံကုန်းလမ်း၊ မြို့တွင်းကြီးရပ်ကွက်၊
ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၂၃၅၁၉

ဒေါ်ပပဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၉၃၉)
အမှတ်(၁၀၇၆)၊ ဥသ္သာ(၆)လမ်း၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့၊ ဖုန်း-၀၉ -၄၂ ၃၆၇၁၅၂၇

မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့	ရပ်/ကျေး	အကွက်အမှတ်/အမည်	ဦးပိုင်အမှတ်	ဧရိယာ	အကြောင်းအရာ
၁	ဒေါ်ဝင့်ချို	ပုသိမ်မြို့နယ်	၁၃	၅၂/ကင်မလင်းကျွန်း	R-၁၉၂	၀.၀၈၂	အမည်ပြောင်း
၂	ဒေါ်ကလျာဝင်း	ပုသိမ်မြို့ နယ်	၁၃	၅၂/ကင်မလင်းကျွန်း	R-၁၉၂	၀.၀၅၅	အသစ်
၃	ဦးနေဝင်း	ပုသိမ်မြို့နယ်	၁၅	၁၆၃/C၊ မြတ်တိုဘူတာရုံကွင်း	B-၂၉	၀.၀၈၃	အသစ်
၄	ဦးအောင်နိုင်ထွန်း၊ ဒေါ်သဉ္ဇာခိုင်	ပုသိမ်မြို့နယ်	၁၂	၆၆-က၊ ရေကြည်ဦး	C-၄၈	၀.၀၅၅	သက်တမ်းတိုး

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/က)၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ မြင်သာ(၁၁)လမ်း၊ မြေကွက်အမှတ် (၆၃)၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်သူ ဒေါ်ကြူကြူ (ဘ)ဦးကျော်ဒင် ၆/ပလန(နိုင်)၀၀၉၉၂၆ က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်မေလှိုင် (စဥ်-၇၉၁၆/၂၁-၁၂-၂၀၁၁) LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ
တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
ရေနံချောင်းမြို့နယ်တရားရုံး
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ခရိုင်မန်နေဂျာ နှင့် ၁။ ဒေါ်ပိုက်ပိုက်ဌေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးနေဝင်းလှိုင်
မကွေးမြို့ ၃။ ဒေါ်သန္တာမြင့်
(တရားလို) **(တရားပြိုင်များ)**

ရေနံချောင်းမြို့၊ အိုးဘိုရပ်၊ အမှတ်(၁၀၉)ဆေးရုံလမ်းနေ (၃)တရားပြိုင် ဒေါ်သန္တာမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့က ငွေပေါင်းကျပ်(၂၉၁၃၃၀၀၂/၀၃)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်ဦးပြည့်စုံ)
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉/လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (သလ္လာဝတီဆိပ်ကမ်းလမ်း၊ က-၁)၊ ဧရိယာ ၀ ဒသမ ၂၀၁ ဧကရှိမြေအား အမှုတွဲအမှတ် 273 V 1996-1997 အရ (၁၂-၄-၁၉၉၆ မှ ၁၁-၄-၂၀၂၆) ထိ ဒေါ်စံယဉ်ဖြူ အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသည့် မြေကို ဦးစိုးတင့် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၄၊ ထန်းတောစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၂၈-ခ)၊ ဧရိယာ ၀ ဒသမ ၄၃၈ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၃၃၁/၁၉၉၅ အရ ဦးနေဝင်း အမည်ဖြင့် (၁၇-၁၀-၁၉၉၅)မှ (၁၆-၁၀-၂၀၂၅) အထိ နှစ်(၃၀) မြေငှားစာချုပ်ရရှိ ထားသော မြေကွက်အနက် မှ အမှုတွဲအမှတ် ၃၃၉ V ၂၀၁၂-၂၀၁၃ အရ ဦးသက်တင် အမည်သို့ ၂၁-၃-၂၀၁၃ ရက်မှစ၍ ဧရိယာ ၀ ဒသမ ၃၂၅ ဧကအား ခွဲစိတ်ပေးပြီး ကျန်ရှိသည့် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၂၄၊ ထန်းတောစု)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၂၈-ခ)၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိမြေအား ဒေါ်စန်းစန်းယုမှ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ်(၃၁) နီလာလမ်းနေ(ဘ) ဦးမြတ်ကျော် ၁၂/ဗဟန(နိုင်)၀၆၅၈၃၁ နှင့် (မိ) ဒေါ်ကြည်ကြည်ဝင်း ၁၂/ဗဟန(နိုင်)၀၆၅၈၃၇ တို့၏ သမီးအငယ်ဆုံးဖြစ်သူ မရွှေရည်ဝင်း (ခ)မချစ်စု ၁၂/ဗဟန(နိုင်)၀၉၇၆၂၅ သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲဒုက္ခများ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြတ်ကျော်
၁၂/ဗဟန(နိုင်)၀၆၅၈၃၁
ဒေါ်ကြည်ကြည်ဝင်း
၁၂/ဗဟန(နိုင်)၀၆၅၈၃၇

(CDC) ပျောက်ဆုံး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၇လမ်းနေ ဦးတင်သိန်း၏သား ဦးနေလင်းသိန်း ၁၂/တမန(နိုင်)၀၇၇၃၉၁ ၏ သင်္ဘောသားစာအုပ်(CDC)အမှတ် (၃၁၄၁၂) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၃၀၉၅၅

အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာနေ ဦးထိန်လင်း (ဘ) ဦးခင်သန်း၊ ၁၄/ညတန (နိုင်)၁၀၀၂၁၃ နှင့် ဒေါ်မြင့်မြင့်စိုး (ဘ) ဦးညိမ်းမောင် ၉/ပမန(နိုင်) ၁၇၃၀၆၇ တို့သည် ၁၆-၅-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်သဖြင့် ဒေါ်မြင့်မြင့်စိုးနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်တော် ဦးထိန်လင်းမှ လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းနှင့် ကျွန်တော်မိသားစုဝင်များ ဂုဏ်သိက္ခာ ကျဆင်းစေမည့်စာသားများ ဓာတ်ပုံများကို လူမှုကွန်ရက်များတွင် တွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာ အပ်ပါသည်။

ဦးထိန်လင်း (ဘ) ဦးခင်သန်း
၁၄/ညတန(နိုင်)၁၀၀၂၁၃

ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန (တောင်ကြီး၊ ကျိုင်းတုံ)၊ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန (သူနာပြုသင်တန်းကျောင်းနှင့်သားဖွားသင်တန်းကျောင်း)မှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ရှမ်းပြည်နယ်(တောင်ကြီး)၊ ပြည်နယ်ကုသရေးဦးစီးဌာန	လုပ်ငန်းသစ်(၃)ခု
(ခ)	ရှမ်းပြည်နယ်(တောင်ကြီး)၊ စဝ်စံထွန်းဆေးရုံကြီး	လုပ်ငန်းသစ် (၁) ခု
(ဂ)	ရှမ်းပြည်နယ်(တောင်ကြီး)၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး	လုပ်ငန်းသစ် (၁) ခု
(ဃ)	ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ပြည်နယ်ကုသရေးဦးစီးဌာန	လုပ်ငန်းသစ်(၃)ခု၊ လုပ်ငန်းဟောင်း(၁)ခု
(င)	ကျန်းမာရေးလူ့စွမ်းအားအရင်းမြစ်ဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်း၊ တောင်ကြီးမြို့	လုပ်ငန်းသစ် (၁)ခု QC လုပ်ငန်း (၁)ခု
(စ)	ကျန်းမာရေးလူ့စွမ်းအားအရင်းမြစ်ဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း၊ တောင်ကြီးမြို့	လုပ်ငန်းသစ် (၁)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သက်ဆိုင်ရာဌာနနှင့်ဆေးရုံကြီးများတွင် (၁၉-၅-၂၀၂၅) ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး (၂-၆-၂၀၂၅) ရက် ညနေ(၄)နာရီ နောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန(တောင်ကြီး၊ ကျိုင်းတုံ) ဖုန်း-၀၈၁-၂၁၂၁၆၉၊ ၀၈၄-၂၁၀၇၀၊ စဝ်စံထွန်းဆေးရုံကြီး ဖုန်း-၀၈၁-၂၁၂၁၁၀၄၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ဖုန်း-၀၉-၂၅၇၆၅၉၉၉၁၊ ကျိုင်းတုံဆေးရုံအုပ်ကြီး ဖုန်း-၀၉-၈၈၃၇၄၇၇၂၉၊ သူနာပြုသင်တန်းကျောင်း ဖုန်း-၀၉-၂၅၄၁၁၇၁၃၅၊ သားဖွားသင်တန်းကျောင်း ဖုန်း-၀၉-၄၂၂၁၉၅၆၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၁၃၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ကေရှိ ဒေါ်ချိန်းအိုအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအုန်းဇော်လင်း (ဘ)ဦးမောင်အုန်း ၁၄/ဖပန(နိုင်)၀၉၆၅၃၀ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၇၉၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သဲမို့မို့ (ဘ)ဦးစိန်ဝင်း ၅/ကလထ(နိုင်)၁၂၀၄၄၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ ခွာညိုလမ်းရှိ မြေကွက်အမှတ်(၁၃၉)၊ အလျား(၆၁'၂"/၅၈' ၉")x အနံ(၆၁'/၆၀'၆") ပေ ကျယ်ဝန်းသောမြေကွက်သည် ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ ဦးဝင်းနိုင်ထွန်း ၉/ပမန(နိုင်)၁၀၇၂၆၆ အမည်ဖြင့်ချထားပေးသော မြေပေးစလစ် မြေကွက်ဖြစ်ပါသည်။ အဆိုပါ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ၏ အမွေဆက်ခံခွင့်ရှိသူ သမီးများမှ ၎င်းတို့သာလျှင် လိုအပ်သလိုလွှဲပြောင်း ရောင်းချခွင့်ရှိသူများ ဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတစ်ချို့အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝိုင်းခြံ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များ၊ တရားရုံး အမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ် စိမ့်သွယ်ခိုင် LL.B, တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၉၀)
အောင်ဇမ္ဗူနယ်မြေ(၁၁)၊ အောင်ချမ်းသာရပ်ကွက်၊ ဖုန်း-၀၉-၉၅၃၁၁၈၆၁၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉) ရပ်ကွက်၊ အရိန္ဒမာလမ်းရှိ အမှတ် - ၅၈၆ ဟုခေါ်တွင်သော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးအုန်းမြင့် အမည်ဖြင့် မှတ်သားတည်ရှိနေသော အကျယ်အဝန်း ပေ(၄၀'x၆၀') ရှိသည့် မြေကွက်ဖြစ်ပါသည်။ တရားဝင်မခွဲမစိတ်ရသေးသော ယင်းမြေကွက်အတွင်းမှ ပေ(၁၀'x၆၀') အကျယ်အဝန်းရှိသောအိမ်ခြံမြေအား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစွမ်းပြည့်လင်း ၁၂/ဒဂတ(နိုင်)၁၀၅၀၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၅)
အမှတ်-၁၀၁/H၊ ပထမထပ်၊ တိုက် -၉/၁၁၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉-၂၆၂၆၃၈၀၈၉

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၀/က) ဟုခေါ်တွင်သော (၃)ခန်းတွဲ (၄)ထပ်တိုက်၏ Unit-1 ရှိ ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါကွန်ဒိုတိုက်ခန်းကို မြေပိုင်ရှင် ဖခင်ကြီး ဦးစိုးအောင်(ခ)လင်မ်ဟိုကွီး ၁၂/ဗတထ(နိုင်) ၀၃၀၄၇၅ ထံမှ ၁၉-၅-၂၀၂၄ ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် လက်ခံရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်လတ်လတ်ဖြိုး ၁၂/လမတ(နိုင်)၀၂၉၃၉၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇) **ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံများတွင် တည်ဆောက်ရေးလုပ်ငန်း (၁၂)ခုဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်**	- (၁၇-၅-၂၀၂၅)ရက် မှ (၁၅-၆-၂၀၂၅)ရက်အထိ
(ခ)	**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်**	- (၁၆-၆-၂၀၂၅)ရက် ၊ ညနေ (၄:၀၀) နာရီအထိ
(ဂ)	**တင်ဒါဖွင့်လှစ်မည့် (ရက်/အချိန်/နေရာ)**	- (တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ပဲခူးဆေးရုံကြီးဝင်းအနောက်ဘက်၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၀၁၇၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RAIII/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၁၀-စ)၊ မြေဧရိယာ(၁.၀၂၉)ကေရှိ ဂရန်အမှုတွဲအမှတ်(၃၂၇/၂၀၂၀-၂၁)အရ ဒေါ်မာစင်းအမည်ပေါက် ဂရန်မြေကွက်မှခွဲ၍ အနောက်ဘက်ခြမ်း မြေဧရိယာ(၀.၃၂၄)ကေခန့်ရှိမြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော RCတစ်ထပ် အဆောက်အအုံ(၂)လုံးအပါအဝင် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄)
(အထက်တန်းရှေ့နေ)
(LL.B, D.B.L, D.I.L, I.P.Law)
ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၅၀၉၃၃၃၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၃၂)၊ ပထမထပ်၊ အလျားxအနံပေ(၂၃x၅၅)အကျယ်အဝန်းရှိတိုက်ခန်းနှင့် ၎င်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူဖြိုး ၁၂/သဃက(နိုင်)၁၄၄၅၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရတနာကျော်ဝင်း ၁၂/သဃက(နိုင်)၁၆၁၉၇၂ က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ယခုကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မင်းဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၇၀)
ဖုန်း -၀၉-၄၂၀၁၈၀၃၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၈၀/က၊ မြေကွက်တည်နေရာအမှတ် (၉၈၀/က)၊ ပညာ(၁၃)လမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ညွန့် ၁၂/ဥကတ(နိုင်)၀၄၀၈၃၉ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်ညွန့်အား တရားပြိုင်ထား၍ တရားလို ဒေါ်နီနီဝင်းမောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် (၃၁/၂၀၂၄) စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၃၅/၂၀၂၄) အမိန့်တို့အရ တရားရုံး ကိုယ်စား ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ ဘိလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆) ရပ်ကွက်၊ မောရဝတီလမ်း၊ မြေကွက်အမှတ် (၇၆/ခ)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးစန်းနိုင် အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးညွန့်ဆွေ ၉/တသန(နိုင်)၁၁၃၅၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှိုင်းအိငယ် ၇/ရတန(နိုင်)၁၃၁၄၂၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးထက်ဖြိုးဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၆၅၈)
အမှတ်(၇၀၈/ခ)၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၀၁၃၅၃၃၈

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ ၁ နှင့် ၅) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂

နန်းယုယုဝင်း	**နှင့်**	၁။ ဦးစိုးသက်
		၂။ ကမ္ဘောဇဘဏ်လီမိတက် (ဆိုက်ခေါင်ဘဏ်ခွဲ) (၎င်း၏ဘဏ်မန်နေဂျာ)
တရားလို		**တရားပြိုင်များ**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေတောင်လမ်းနေ(ဖခင်အမည်မသိ) အမှတ် - ၁ တရားပြိုင် ဦးစိုးသက်၊ (၎င်းအမည်ဖြင့်ဖွင့်လှစ်ထားသော ကမ္ဘောဇဘဏ်၏ ငွေစာရင်းအမှတ်- 40232540200467 501 Account Name- U Soe Thet) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုနန်းယုယုဝင်း က "ဘဏ်ငွေစာရင်းမှမှားယွင်းလွှဲမိသည့် ငွေကျပ် ၆၀,၈၀၀,၀၀၀/-(ကျပ်ခြောက်ရာ့ရှစ်သိန်းတိတိ)ကို ပြန်လည်လွှဲပြောင်းပေးအပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ထားထားဆွေ)
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး

အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်း ပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းသန့် (ဘ) ဦးသိန်းထွန်းအေး ၁၂/ကမတ(နိုင်)၀၆၅၈၃၇နှင့် ဒေါ်နှင်းနုအေး (ဘ)ဦးမြင့်သိန်း ၁၂/မရက(နိုင်)၁၄၁၉၈၄ တို့သည် ၂၀၂၀ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးမထွန်းကားခဲ့ပါ။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့ပါသဖြင့် ၅-၅- ၂၀၂၅ ရက်တွင် ၎င်းတို့နှစ်ဦးစလုံး၏သဘောဆန္ဒဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထို့သို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း လုံးဝမပြုလုပ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးအောင်တင့်
LL.B,DL-101(WIPO,Switzerland), DBL
အထက်တန်းရှေ့နေ(စဉ်-၅၃၃၀၅)
အမှတ်-၈၃၊ ၄-လွှာ၊ မြို့ပတ်လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉- ၂၅၅၆၆၅၇၄၄၊ ၀၉ - ၉၈၆၈၅၄၉၇၇

(၂၂-၆-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၇)ပါ ဦးမြင့်ဦး (၁၂/မဂဒ(နိုင်)၁၀၅၄၆၄) ၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ မြို့ပါတ်လမ်း၊ အမှတ်(၁၃၇၅)နေ (ဘ)ဦးသောင်းရင်၏ သမီးဖြစ်သူ ဒေါ်သန္တာ ၁၂/ဥကတ(နိုင်) ၁၆၆၀၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သန္တာနှင့် ဦးမြင့်ဦးတို့သည် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူညီစွာဖြင့် ကွာရှင်းပြတ်စဲခဲ့ကြ၍ ၉-၆-၂၀၂၄ ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ပွား ပစ္စည်းခွဲဝေရေးကတိစာချုပ်နှင့် ဝန်ခံကတိစာချုပ်တို့အား ချုပ်ဆိုကာ ပစ္စည်းများခွဲဝေရယူခဲ့ပြီး ဖြစ်ပါသည်။ နှစ်ဦးစိတ်ဆန္ဒအရ လင်မယားကွာရှင်းကာ ၉-၆-၂၀၂၄ ရက်စွဲပါ စာချုပ်များ ချုပ်ဆိုပြီးချိန်မှစ၍ အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းခြင်းမရှိသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ အမှတ်(၁၃၇၅)၊ မြို့ပါတ်လမ်း၊ ဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ လူနေဆိုင်ခန်းတွင် ဦးမြင့်ဦး လာရောက်နေထိုင်နေခြင်းမှာ ၉-၆-၂၀၂၄ ရက်စွဲပါ ဝန်ခံကတိပြုစာချုပ်အရ နေထိုင်နေခြင်းဖြစ်၍ လင်မယားအဖြစ် ပေါင်းသင်းနေခြင်းမဟုတ်သည့်အတွက် နှစ်ဦးသဘောတူ လင်မယားကွာရှင်းမှုမှာ အတည်ဖြစ်လျက်ရှိပြီး ၉-၆-၂၀၂၄ ရက်စွဲပါ နှစ်ဦးသဘောတူ လက်ထပ်ပွားပစ္စည်းခွဲဝေခြင်း ကတိစာချုပ်နှင့် ဝန်ခံကတိစာချုပ်တို့မှာလည်း အတည်ဖြစ်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၂-၆-၂၀၂၄ ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၇ပါ ဦးမြင့်ဦး ကြေညာသကဲ့သို့ ဒေါ်သန္တာနှင့် ဦးမြင့်ဦးတို့သည် အကြင်လင်မယားများ မဟုတ်တော့ကြောင်းနှင့် ၉-၆-၂၀၂၄ ရက်စွဲပါ နှစ်ဦးသဘောတူလက်ထပ်ပွား ပစ္စည်းခွဲဝေရေးကတိစာချုပ်နှင့် ဝန်ခံကတိစာချုပ်တို့မှာ ယနေ့အချိန်အထိ ပျက်ပြယ်ခြင်း/ပယ်ဖျက်ခြင်းမရှိပါကြောင်း၊ ဦးမြင့်ဦး၏ အဆိုပါကြေညာချက်အား မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၁/၂၀၂၅ စွဲဆိုခဲ့ရချိန်မှ သိရှိရသည့်အတွက် ဒေါ်သန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမြင့်ဦးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်သန္တာ ၁၂/ဥကတ(နိုင်)၁၆၆၀၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မို့မို့ဝင်း (LL.B)
(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၃၈၈၂) (၁၄-၁၂-၂၀၁၇)
အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံဘုရားလမ်း၊
(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း -၀၉၄၂၀၀၈၁၈၄၉၊၀၉-၇၉၅၅၀၂၃၁၅

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဗိုလ်မှူး ထွန်းအေး (ငြိမ်း)၊ ကြည်း-၁၀၅၆၉
(လ/ထညွှန်ကြားရေးမှူး) (ငြိမ်း)
မြန်မာ့ရေနံနှင့်ဓါတုဗေဒလုပ်ငန်း (ရေနံသယ်ပို့)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ (ဦးအေးခ-ဒေါ်သက်မြ)တို့၏သား၊ ဒေါ်ကြူကြူအေးခ၊ ဒေါ်မူမူအေး- ဦးတင့်ဝေတို့၏အစ်ကို၊ အလုံမြို့နယ်၊ အမှတ်-၂၁၄၊ အောက် ကြည့်မြင်တိုင်လမ်းနေ (ဒေါ်မြင့်မြင့်ရီ) (Magda) ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၏ခင်ပွန်း၊ ဦးသန့်ထွန်း-ဒေါ်မေဆင့်လွင်၊ ဒေါက်တာယဉ်မင်းထွန်း-ဦးသန့်ဇင်ထွန်း၊ ဒေါ်ထွေးထွေးထွန်း-ဦးအောင်နိုင်လင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင်၊ ဒေါ်အိခိုင်ဝေ - ဦးနိုင်အောင်၊ ဒေါက်တာကောင်းခန့်တို့၏ဘဘ၊ မစောယုနန္ဒာ၊ မစောအေးနန္ဒာ၊ မောင်ခန့်ထွန်း၊ မောင်သန့်မင်းဆက်၊ မောင်ဖွဲ့မြတ်နိုင်လင်း၊ မချမ်းမြတ်စန္ဒီနိုင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၇-၅-၂၀၂၅ရက်(စနေနေ့)၊ နံနက် ၆:၂၀ နာရီတွင် ရွှေဂုံတိုင် (SSC) ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၅-၂၀၂၅ရက်(တနင်္လာနေ့)၊ နံနက် ၁၀:၀၀နာရီ တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူး ထွန်းအေး (ငြိမ်း)
ကြည်း-၁၀၅၆၉ (လ/ထညွှန်ကြားရေးမှူး) (ငြိမ်း)
မြန်မာ့ရေနံနှင့်ဓါတုဗေဒလုပ်ငန်း (ရေနံသယ်ပို့)
အသက်(၈၂)နှစ်

Concrete King Concrete Manufacturing Co.,Ltd: မှ ဦးသန့်ထွန်း (Project Director)-ဒေါ်မေဆင့်လွင်တို့၏ ဖခင် ဗိုလ်မှူး ထွန်းအေး(ငြိမ်း) (လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း (ရေနံသယ်ပို့)သည် (၁၇-၅-၂၀၂၅)ရက် (စနေနေ့) ၆:၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

Concrete King Concrete
Manufacturing Co.,Ltd နှင့်
Management မိသားစု

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၊ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက်၊ ညောင်ပိုင်းနေ၊ (ဘ) စောမူးဖိုး၏ (သား) စောလားထော်မူး ၇/ကတခ(နိုင်)၁၇၅၀၀၄အား ယနေ့မှစ၍ စောဂျက်ဆင် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

စောဂျက်ဆင်

ဖခင်အမည်မှန်

မိုး ကော င် း မြို့ န ယ် ၊ အထက (ဆားမှော်)၊ Grade-12 မှ မခိုင်သူဇာဝင်း၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဦး ၁/မကတ(နိုင်)၀၈၅၉၈၄ ဖြစ်ပါကြောင်း။

ဦးမောင်မောင်ဦး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ သရက်လမ်း၊ မြေကွက်အမှတ် ၃၉၈-ခ၊ အလျား ၂၀ပေ X အနံ ၆၀ပေရှိသည့် အနက် အလျား ၁၀ပေXအနံ ၆၀ပေ အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဘိုဘိုစိန် ၁၂/လသယ(နိုင်)၀၅၃၅၇ က တရားဝင် လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်၍ အဆိုပါမြေကွက်အား ရောင်းချမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန္တာဝင်း(LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)
ဖုန်း-၀၉-၄၂၁၆၅၉၂၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၄/ ထန်းတောစု)၊ ဦးပိုင် အမှတ်/ မြေကွက်အမှတ် (၂၉)၊ ဧရိယာ(၀.၃၇၅)ကေရှိမြေသည် မြို့မြေအမှုတွဲအမှတ်၊ ၃၃၂/၁၉၉၅ အရ ဦးနေဝင်း အမည်ဖြင့် (၁၇-၁၀-၁၉၉၅)မှ (၁၆-၁၀-၂၀၂၅)အထိ နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသော မြေကွက်အနက်မှ အမှုတွဲအမှတ် ၃၃၉ V ၂၀၁၂-၂၀၁၃ အရ ဦးသက်တင် အမည်သို့ (၂၁-၃-၂၀၁၃) ရက်နေ့မှစ၍ ဧရိယာ (၀.၀၁၄)ကေအား ခွဲစိတ်ပေးပြီး ကျန်ရှိသည့် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၄/ထန်းတောစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၂၉-ခ)၊ ဧရိယာ(၀.၃၆၁)ကေရှိမြေအား ဒေါ်စန်းစန်းယုမှ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မန္တလေးလမ်း၊ မြေတိုင်း (သကမ-၈)၊ မြေကွက်အမှတ် (၁၂၄၄/၅/ခ)၊ အိမ်အမှတ်(၈/၅/ခ)၊ ဦးသံချောင်း အမည်ပေါက် အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်သန္တာမျိုး(၁၂/ဒဂန(နိုင်) ၀၂၄၃၄၅)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဗိုလ်မင်းထွန်း က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကတရားဝင်အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၅၁)
ရုံးခန်း-အမှတ်(ဆ/၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄

ဦးမောင်ဉာဏ်(ခ)လျှောင်ယောင်ညန်
အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းအမှတ် ၂၂၄၊ မြေညီ/ယာနေ (ဒေါ်စိန်ရွှေ)၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ-ဦးခင်မောင်၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ခင်ခင်ဆွေ-ဦးမြမောင်၊ ဒေါ်လှလှဆွေ-ဦးမောင်လှ၊ ဒေါ်ခင်ဝင်းဆွေ-ဦးကျော်ဝင်း၊ ဒေါက်တာမျိုးဝင်း-ဒေါ်အေးငြိမ်းကြည်၊ ဒေါက်တာနိုင်နိုင်မော်-ဦးမြင့်သိန်းတို့၏ဖခင်၊ မြေး ၂၀ ယောက်တို့၏ အဘိုး ၊ မြစ် ၈ ယောက်တို့၏အဘေးသည် ၁၇-၅-၂၀၂၅ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ညိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဟိဏ်းဇော်ထွန်း
(T.T.C ၂၀၀၀ ပြည့်နှစ်ကျောင်းသားဟောင်း)
အသက် (၄၃)နှစ်

ဇီးကုန်းမြို့၊ ရန်ကုန်-ပြည်လမ်း၊ အမှတ် (၅)ရပ်ကွက်၊ ခြံအမှတ် ၃နေ (ဦးသောင်းကြည်)-ဒေါ်တင်စီတို့၏သား၊ ဇီးကုန်းမြို့၊ မြို့ပတ်လမ်း တောင်ပိုင်း၊ အမှတ် (၃)ရပ်ကွက်နေ ဒေါ်ဆွေဇင်ဦး(ခ)မဇာဇာ၏ခင်ပွန်း၊ (မောင်ထူးကောင်းခန့်)၊ မောင်လင်းယာလက်ရုံးတို့၏ဖခင်၊ ဦးစောမင်းထိုက်-ဒေါ်သီတာလင်းတို့၏အစ်ကို၊ မောင်စောဇေဉာဏ် (ICEC)၊ မောင်သွင်စောတို့၏ဦးလေး ဦးဟိဏ်းဇော်ထွန်း အသက် (၄၃)နှစ်သည် ၁၆-၅-၂၀၂၅ရက် ည ၇:၀၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၈-၅-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် ဇီးကုန်းမြို့ မြောင်းကြီးတောသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

ဦးစိုးမိုးငွေး	နှင့်	ဦးတင်မောင်ဝင်း
(တရားလို)		(တရားပြိုင်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ ၆၇-၆၈လမ်းကြား ရပ်နေ ဦးတင်မောင်ဝင်း (ယခုနေရပ်လိပ်စာ မသိ)အား သိစေရမည်။

သင့်အပေါ် တရားလို ဦးစိုးမိုးငွေးက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၂)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ (၀.၀၅၅၁)ကေ အကျယ်အဝန်းရှိမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၀ ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၉ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်ဝေအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မဟာအောင်မြေမြို့နယ်တရားရုံး

အများသိရှိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရပ်ကွက်(၅၂၀)၊ ခုံဝင်းရပ်၊ လမ်း(၄၀)(၈၀x၈၁)ကြားနေ ဒေါ်မီမီသက်အောင် (၁/မကတ(နိုင်)၁၄၁၇၅၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် လူမှုကွန်ရက်ပေါ်တွင် Tarot By Eaint အမည်ဖြင့် Facebook Page Account နှင့် Tarot By Eaint အမည်ဖြင့် Tik Tok account ဖွင့်လှစ်အသုံးပြုပြီး Tarot ရှေ့ဖြစ်ဟောဆရာမတစ်ဦးဖြစ်ပြီး အစီအရင်ယတြာများ ပြုလုပ်ဆောင်ရွက်ပေးသူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ အသုံးပြုလျက်ရှိသော Tarot By Eaint Account တွင် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေသောစာသားများရေးသားဖော်ပြခြင်း အများသူငှာထင်ယောင်ထင်မှားဖြစ်စေသည့် ကိစ္စရပ်များပြုမူပြောဆိုခြင်း၊ ကျွန်ုပ်မိတ်ဆွေတင်ထားသော ဓာတ်ပုံများကူးယူပြီး မိမိတို့၏လူမှုကွန်ရက် Accountများတွင် မဟုတ်မမှန် Post တင်ခြင်းဖြင့် အလွဲသုံးစားမပြုလုပ်ပါရန်နှင့် Messenger မှတစ်ဆင့် အခြားသူများသို့ ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်ပြောဆိုရေးသားခြင်း သတင်းအဖြစ်ဖြန့်ဖြူးပေးပို့ ဆင့်ပွားခြင်းများမပြုလုပ်ပါရန် လေးနက်စွာဖြင့် အသိပေးအပ်ပါသည်။

ထိုသို့ အများသိစေရန် ကြေညာထားသည့်ကိစ္စရပ်များကို ပြုလုပ်နေသူ မည်သူမဆို တွေ့ရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ သက်ဆိုင်ရာဥပဒေကြောင်းများအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မီမီသက်အောင်	ဦးနေမျိုးဇော်(LL.B,D.B.L)
၁/မကတ(နိုင်)၁၄၁၇၅၀	တရားလွှတ်တော်ရှေ့နေ
	ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ လက်ပန်ချောင်ကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာနေ မောင်ထက်လင်းဦး၏ဖခင် ဦးမျိုး(ခ)ဦးမောင်မျိုး ၁၂/သခန(နိုင်) ၁၂၅၅၆၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မဇာခြည်ဝင်း ၇/ညလပ(နိုင်)၁၆၅၃၆၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ၂၀၁၁ ခုနှစ်က ထုတ်ပေးထားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၉၆၇၆၁၇၈၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ သဲလမ်း၊ မြေကွက်အမှတ်(၄)တွင်တည်ရှိသည့် ကွင်းအမှတ်(၆၈၁)၊ မဇီးဖြူကွင်း၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၃.၆၅)ကေအကျယ်ရှိ ဦးကချင်ဒရမ်း အမည်ပေါက် ဥယျာဉ်ခြံမြေကွက်အတွင်းမှ မြေကွက်အကျယ်ပေ (၄၀X၆၈)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးငြိမ်းသီဟစိုး(ဘ) ဦးမြင့်စိုး ၁၂/မဂတ(နိုင်)၀၉၁၉၇၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိမိချို ၁၂/သလန(နိုင်)၁၇၆၂၈၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၅)
သန်လျင်ခရိုင်တရားရုံးရှေ့၊ ရှေ့နေများရုံးခန်း၊ သန်လျင်မြို့၊
ဖုန်း-၀၉-၇၈၉၂၃၅၄၉၈

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇/ဆင်ခေါင်းကြီး)၊ ကွင်း/အကွက်အမှတ် ၆၆၄/ဆင်ခေါင်းရွာကွင်း၊ ဦးပိုင်အမှတ်(၃၅/၂ဃ)၊ မြေဧရိယာ(၀.၀၉) ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝေဖြိုးလင်း ၉/ခအဇ(နိုင်)၀၁၈၃၇၄ မှလည်းကောင်း၊ ဦးပိုင်အမှတ်(၃၅/၃ဇ)၊ မြေဧရိယာ ၀.၁၁ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်အောင်မေ ၅/မရန (နိုင်)၀၃၀၃၆၂မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၃၅/၃စ)၊ မြေဧရိယာ(၀.၁၆) ကေရှိမြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမင်းမင်းအောင် ၉/ကဆန(နိုင်)၀၀၄၀၆၁ မှ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄)၊ ညောင်နီ၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၆၆)၊ ယခင်ဦးပိုင်အမှတ်/ မြေကွက်အမှတ်(၁၈၉-ဒ)၊ ယခုဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၇၂/၉)၊ ဧရိယာ (၀.၁၇)ကေအကျယ်ရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယဉ်ယဉ်ဦး ၅/စကန(နိုင်)၀၇၅၁၂၂မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစန်းမြင့်အောင် ၁၂/ကကက(နိုင်)၀၀၀၁၁၅)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြနီလာစိုး (LL.B, DBL, DIL)	ဒေါ်အေးအေးခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၈၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၉၁)

ရေငယ်လမ်းဆုံ၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၁၁)၊ ပြင်ဦးလွင်မြို့။
ဖုန်း-၀၉-၇၉၈၇၉၇၈၆၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးရွာမ(၁)၊ ရွာလယ် လမ်းမကြီးဘေး၊ မြေဧရိယာ - အလျား (အရှေ့မျက်နှာစာ) -၃၅ ပေ၊ အနောက်မျက်နှာစာ- ၃၅ ပေ၊ အနံ (အရှေ့ အနောက်အရှည်) - ၆၀ ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်နီလာကိုကို(၁၂/မဘန(နိုင်)၁၁၆၇၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောသန်းဆွေ (၁၄/ရကန(နိုင်)၀၀၆၆၃၃)က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဖက်မှ အရောင်းအဝယ်ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောသန်းဆွေ(၁၄/ရကန(နိုင်)၀၀၆၆၃၃)၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိုး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၈၇၂၆)
အိမ်အမှတ်(C-81)၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးရွာမ(၃)၊
ပြင်ဦးလွင်-မိုးကုတ်လမ်းဘေး၊ ပြင်ဦးလွင်မြို့။
ဖုန်း - ၀၉-၉၇၆၀၁၁၁၈၁၊ ၀၉-၆၆၆၇၇၇၆၆၅၈

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ ဟိန်းမင်းထက်(ဘ)ဦးကျော်မြိုင် ၈/ဆမန(နိုင်)၀၆၉၁၄၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH-720702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၄၉၄၇၅၇

တစ်ဦးတည်းဖြစ်ကြောင်း

စလင်းမြို့နယ်၊ ကင်မွန်းခြံကျေးရွာနေ (ဘ)ဦးထွန်းဦး၏သား ၈/စလန(နိုင်)၂၇၇၁၁၂ မောင်သူရိန်ထွန်းနှင့် မောင်ဘိုသူရိန်မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်သူရိန်ထွန်း(ခ)
မောင်ဘိုသူရိန်

ပတ်(စ်)ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ နောင်ပါရွာ၊ နောင်မွန်အုပ်စုနေ မောင်လီလော်လူ(ဘ)ဦးလီလောက်ဟွာ ၁၃/လရန(နိုင်)၂၂၁၅၃၂ ၏ ပတ်စ်ပို့နံပါတ် (MF-454390) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၁၈၇၆၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/63253, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်း ၉/မထလ(နိုင်) ၀၁၈၃၂၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၃၃၁၁၄)ကို အမည်ပေါက် ဒေါ်စန်းစန်းငွေး (ဘ)ဦးငွေအိုး ၁၄/မမန(နိုင်)၀၆၀၂၂၂) (တရားရှုံး) ကိုယ်စား၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်) ၁၀၃၉၂၄ မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၉၈/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၅၂/၂၀၂၄၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေပေးစလစ် (မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံ စွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်
စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ . . .

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မေ ၂၀ ရက်အတွင်း နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် မေ ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေ ၁၇ ရက်မှ မေ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၂၂ ကော်လံ ၃ ❍

၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ



ယနေ့ သတင်းအညွှန်း

ဗန်ကောက်မြို့ရှိ အထပ်မြင့်အဆောက်အအုံ ပြိုကျမှုကြောင့် လူပေါင်း ၁၇ ဦးကို ထိုင်းရဲတပ်ဖွဲ့ ဖမ်းဝရမ်းထုတ်
နိုင်ငံတကာသတင်း စာ ၁၄

. . . .

ပဉ္စမအကြိမ် MBC Professional Boxing ပြိုင်ပွဲများကျင်းပ
ပြည်တွင်းသတင်း စာ ၁၅

. . . .

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ
ပြည်တွင်းသတင်း စာ ၁၈

ချယ်ဆီးနှင့် အက်စ်တွန်ဗီလာအသင်းတို့နိုင်ပွဲရပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အားကောင်းလာ

ပရီမီယာလိဂ်ပွဲစဉ် (၃၇) အဖြစ် မေ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ချယ်ဆီးနှင့်အက်စ်တွန်ဗီလာအသင်းတို့ နိုင်ပွဲရပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။

ချယ်ဆီးနှင့် မန်ယူအသင်းပွဲစဉ်ကို နံနက် ၁ နာရီ ၄၅ မိနစ်က စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် ရမှတ်လိုအပ်ချက်ရှိနေသည့် ချယ်ဆီးအသင်းသည် ပွဲစသည်နှင့်တစ်ပြိုင်နက် မန်ယူအသင်းကို ထိုးဖောက်တိုက်စစ်ဆင်ကစားမှုကြောင့် အကြိတ်အနယ်ရှိခဲ့သည်။

ပွဲကစားချိန် ၁၆ မိနစ်တွင် မန်ယူအသင်းမှ ခံစစ်ကစားသမား မက်ဂွိုင်းယား

စာမျက်နှာ ၈ ကော်လံ ၄ ❑

MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ် ရတနာပုံနှင့် ဟံသာဝတီယူနိုက်တက်အသင်း တက်ရောက်

မြဝတီအသင်းနှင့် ရာမညယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

ရန်ကုန် မေ ၁၇

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၄) ဒုတိယနေ့ကို မေ ၁၇ ရက်က ဆက်လက်ကျင်းပရာ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်သွားပြီး လေးသင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက အား/ကာသိပွဲအသင်းကို သုံးဂိုးပြတ်အနိုင်ယူကာ ရှုံးပွဲမရှိဘဲ ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ပယ်နယ်တီမှတစ်ဆင့် သန်းတိုးအောင်၊ ၇၄ မိနစ်တွင် မင်းထူးအိမ်လင်း၊ မိနစ် ၈၀ တွင် အာကာတို့က သွင်းယူသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ✳